ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (14-3-2006) (၄၈၉၉)

ဘွဲ့တံဆိပ်တော် ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းသည့် အခမ်းအနား သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပ

ရန်ကုန် မတ် ၁၃

"သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ပရိယတ္တိတာဝန်(ဂန္ထဓူရ)၊ ပဋိပတ္တိတာဝန်(ဝိပဿနာဓူရ)များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ် ဆက်ကပ်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ် အပ်နှင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်၌ နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူ အစိုးရတို့သည် ပြည်တွင်းရှိ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများကိုသာမက ပြည်ပရှိ ထေရဝါဒဗုဒ္ဓသာသနာပြု ဆရာတော်များကိုပါ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အမျိုးအစား ၂၀ တို့ကို အသစ်တီထွင်ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့် ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသောဂုဏ်အင်္ဂါ အရည်အချင်းနှင့်ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင် ဆရာကြီးများ၊ လူပုဂ္ဂိုလ်များအား နှစ်စဉ် ဆက်ကပ်လှူဒါန်းခဲ့ရာ ယခုနှစ် ၁၃၆၇ ခုနှစ် ပြာသိုလဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၆)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသူများ၏ ဘွဲ့တံဆိပ် အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ဘွဲ့တံဆိပ်တော်များအပ်နှင်း

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၄–၃–၂၀၀၆
(အင်္ဂါနေ့)

မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဖော်ဆောင်

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ရှေးရာစုနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုးများသည် စာနာမှု၊ နားလည်မှု၊ တွယ်တာမှု၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု အရင်းခံစိတ်ဓာတ်တို့ဖြင့် အတူတကွ နေထိုင်လာခဲ့ကြသည်။

ထို့ကြောင့်ပင် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်သည့်အင်အား၊ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဘိုးဘွားအမွေအနှစ်ဖြစ်သည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

ဤဘိုးဘွားအမွေအနှစ်များကို မျိုးဆက်သစ် တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရေးသည် နိုင်ငံသားအားလုံးက ပါဝင်ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီးဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေသည်။ အထူးသဖြင့် နိုင်ငံတော်၏ အဓိက လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကို ဖန်တီးနိုင်ရေးနှင့် နိုင်ငံအေးချမ်းတည်ငြိမ်ရေးကို ထိပါးနှောင့်ယှက်မှုများမှ ကာကွယ်နိုင်ရေးတို့အတွက် အစဉ်သတိပြု လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့်ပင် နိုင်ငံတော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ်လူငယ်များအား အတွေးအခေါ် အယူအဆကောင်းသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ အရည်အသွေး အရည်အချင်းတိုးတက်မြင့်မားရေး၊ ယုံကြည်ချက် ခံယူချက်ထက်မြက်ပြည့်စုံလာရေးတို့အတွက် သင်တန်းများ၊ ဆွေးနွေးပွဲများဖွင့်လှစ်၍ လေ့ကျင့်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်လ ၈ ရက်နေ့က မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံ အောင်မြင်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အပြည့်အဝနှင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း** တိုက်တွန်းမှာကြားသွားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသားများသည် မိမိတို့တက်ရောက်ခဲ့ကြသည့် သင်တန်းများ၊ ဆွေးနွေးပွဲများမှ နိုင်ငံတော်ဖြစ်ပေါ် တိုးတက်မှုများနှင့် နိုင်ငံတကာအခြေအနေများကို အတိုင်းအတာတစ်ခုအထိ ဆည်းပူးလေ့လာသိရှိခဲ့ကြပြီဖြစ်ရာ အရာရာကို တွေးခေါ်မြော်မြင်ပြီး နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းကူးဆက်စပ်ပေးနိုင်သည့် စည်းရုံးရေးမှူးကောင်းများအဖြစ် ဆက်လက်ကြိုးပမ်း ထမ်းဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံကြီးအောင်မြင်ရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

ရွှေတိဂုံစေတီတော်

တပေါင်းလပြည့်နေ့ ညပိုင်းက လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော် ရင်ပြင်တော်ပေါ်တွင် ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရစဉ်။

(ကြေးမုံ)

ရန်ကုန်မြို့ရှိ တန်ခိုးကြီးစေတီ၊ ပုထိုးများ၌ တပေါင်းလပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့်စည်ကား

ရန်ကုန် မတ် ၁၃

မြန်မာလများတွင် (၁၂)ကြိမ်မြောက်လသည် တပေါင်းလဖြစ်သည်။ တပေါင်းလတွင် မြစ်များ၊ ချောင်းများ ရေစစ်ကာ သောင်ခုံသဲပြင်များပေါ်ထွန်းသဖြင့် သဲပုံစေတီ တည်သော ရာသီပွဲများ ကျင်းပလျက်ရှိသည်။ တပေါင်းလတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်တို့ ဝေဝေဆာဆာ ထွက်လာကြသော အချိန်ဖြစ်သည်။ တပေါင်းလရာသီပွဲတော်သည် သဲပုံစေတီတော် ပွဲတော်ဖြစ်သည်နှင့်အညီ သဲများစုပုံ၍ စေတီအသွင်တည်ကာ သဗ္ဗညုတမြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကြခြင်းဖြစ်သည်။

ထိုသဲပုံစေတီပွဲကို ရာသီပွဲအဖြစ် သတ်မှတ်ကာ ကျေးလက်တောရွာများ၌ ယနေ့အထိ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလျက်ရှိသည်။ တပေါင်းလအခါတွင် ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့အား တရားဟောကြားရန် ဂေါတမန္တယ်ဖွား မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွရောက်ရန် စီစဉ်သည့် အခါသမယဖြစ်သည်။ တပေါင်းလတွင် ဘာသာရေးပွဲအဖြစ် ဗုဒ္ဓပူဇနိယပွဲတော်များကျင်းပချိန်ဖြစ်ရာ အမြို့မြို့အနယ်နယ်ရှိ စေတီပုထိုးဘုရားများ၌ ဗုဒ္ဓပူဇနိယပွဲတော်တို့ဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တပေါင်းလပြည့်နေ့တွင် ဘုရားဖူး ပြည်သူများသည် ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဥပုသ်သီလ ဆောက်တည်ကြသည်။ ဝေနေယျသုခ ရေချမ်းစင်အသင်းကလည်းဘုရားဖူးပြည်သူများအားသောက်ရေသန့်ဘူးများဒါနပြုကြသည်။

ဆူးလေစေတီတော်၌လည်း ဘုရားဖူးလာပြည်သူများက ဆူးလေစေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ရွှေစင်ရွှေပြားများ လာရောက်လှူဒါန်းလျက်ရှိသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ တပေါင်းလပြည့်အခါသမယတွင် ဘုရားဖူးလာပြည်သူများ၊ ဥပုသ်သီတင်း သီလဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

တပေါင်းလပြည့်နေ့တွင် ရွှေတိဂုံစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့် စေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ ကျိုက်ဝိုင်းစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်၊ မယ်လမုစေတီတော်၊ မိုးကောင်းဘုရား၊ ကျိုက္ကစံစေတီတော်၊ ဥက္ကလာပစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား၊ သန်လျင်ကျိုက်ခေါက် စေတီတော်၊ ကျောက်တန်းမြို့ ရွှေမှော်ဝန်းရေလယ်စေတီတော်၊ ခရမ်းမြို့ ကြေးသွန်းဘုရားကြီးတို့၌ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်း၊ တရားဘာဝနာ ပွားများခြင်း စသည့် ကုသိုလ်ကောင်းမှုပြုကြသူတို့ဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

(သတင်းစဉ်)

တိကျသော သတင်းမှတ်တမ်းမှသည် ခိုင်မာပြည့်စုံသော သမိုင်းစာမျက်နှာများဆီသို့

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ၂၂ရက်နေ့က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်စဉ် မြန်မာ့အသံဝန်ထမ်းဟောင်း ဦးသာဦးနှင့် တွေ့ဆုံစကားပြောဖြစ်သည်။

ယင်းသို့တွေ့ဆုံစဉ် ဦးသာဦးက မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အရေးကြီးဖြစ်ရပ်များနှင့် ပတ်သက်သော သတင်းစာဖြတ်ပိုင်းများ သူ့တွင်ရှိနေကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ ဖဆပလ အကွဲအပြဲနှင့် အရေးအခင်းများစွာနှင့် ပတ်သက်သော သတင်းများကို သတင်းရော ဓာတ်ပုံပါဖြတ်ပြီး သီးခြားစာရွက်များပေါ် ကပ်ထားကာ စုဆောင်းထားခဲ့ကြောင်း၊ မိမိလက်ထဲတွင်ကြာလျှင် ပျက်စီးသွားနိုင်သဖြင့် မည်သည့်နေရာသို့ ပေးလှူပါက သင့်တော်ကောင်းမွန်မည်ဆိုသည်ကို အကြံပေးစေလိုကြောင်း မေးပါသည်။

ကျွန်တော်က ဦးသာဦး၏ မှတ်မှတ်ရရ စုဆောင်းထားချက်များသည် သမိုင်းကြောင်းအရ၊ မြန်မာ့နိုင်ငံရေးအရ အရေးပါသော အထောက်အထား မှတ်တမ်းများဖြစ်သဖြင့် ယနေ့ မြန်မာနိုင်ငံတွင် အသင်းဝင်အင်အား ၂၃ သန်းကျော်ရှိပြီး အမျိုးသားနိုင်ငံရေး တာဝန်များကို တက်ကြွစွာ ထမ်းဆောင်နေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသို့ ပေးလှူသင့်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်လည်း ၁၉၈၇-၈၈ မှ ၁၉၉၉ ခုနှစ် ဩဂုတ်လအထိ စုဆောင်းထားသည့် ဗိုလ်တထောင်၊ ကြေးမုံ၊ လုပ်သားပြည်သူ့နေ့စဉ်၊ ဂါဒီယန်နှင့် The Working People’s Daily သတင်းစာ အစောင်ပေါင်းတစ်သောင်းကျော်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသို့ ၂၃-၉-၉၉ ရက်နေ့ကပေးလှူခဲ့ကြောင်း ပြောပြရာ ဦးသာဦး က သဘောတူလက်ခံခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသီချင်းကြီး စိစစ်ရေးအဖွဲ့ဝင် ဦးမြကြီး (နဲ့-ဦးမြကြီး၊ အမျိုးသားစာပေဆုရ)သည် ငယ်စဉ်ကတည်းက နေ့စဉ်မှတ်တမ်း(ဒိုင်ယာရီ) မှန်မှန်ရေးသည်။ နှစ်အလိုက်ဒိုင်ယာရီများတစ်ထပ်ကြီး ရှိသည်ဟု ကြားရသောအခါ အားကျရပြန်သည်။ ဦးမြကြီးက ဂီတသမားဖြစ်၍ သူ့လောကဆိုင်ရာများကို နေ့စဉ်မှတ်သားလာခဲ့ရာ သဘင်ဆိုင်း၊ ဂီတဆိုင်ရာဘဏ္ဍာသိုက်ကြီးတစ်ခုပမာ စုဆောင်းထားပြီးဖြစ်သည်။

ရှေ့နေ ဦးမောင်မောင်သည် မြန်မာနိုင်ငံ၏ပထမဦးဆုံးဓာတ်ပြားမှစ၍ ခေတ်စဉ်ဓာတ်ပြားများစုဆောင်းခဲ့သည်။ မှတ်တမ်းတင်ခဲ့သည်။ သုတေသန ပြုလုပ်ကာ ဓာတ်ပြားအကြောင်းစာအုပ်ပြုစုနေသည်။

သတင်းစာဟူသည် သမိုင်းတစ်လျှောက် လူသားတို့ သိသင့်သော ပူပူနွေးနွေး လတ်တလောသတင်းဖြစ်ရပ်များကို တင်ပြပေးသော မှတ်တမ်းများ ဖြစ်သည်။ သတင်းမှန်ရမည်၊ မြန်ရမည်။ အများပြည်သူသိသင့်သော ဖြစ်ရပ်များဖြစ်ရပေမည်။ သတင်းစာသမားများ လိုက်နာကျင့်သုံးရမည့် စာနယ်ဇင်း ကျင့်ဝတ်များ ကမ္ဘာတွင်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရှိသည်။ မှန်ကန်သောဖြစ်ရပ်သတင်းများ၊ စုစည်းဖော်ပြသော မီဒီယာ

တက္ကသိုလ် မြတ်သူ

(သတင်းစာ၊ သတင်းဂျာနယ်၊ သတင်း၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက် စသည်)များသည် ယနေ့လူသားတို့၏ နေ့စဉ်မှတ်တမ်း (ဒိုင်ယာရီ)များဖြစ်ပြီး မနက်ဖြန်သမိုင်းမှတ်တမ်း၏ အစိတ်အပိုင်းများ ဖြစ်လာမည်။

သတင်းမှန်ကိုထိမ်ချန်၊ သတင်းမှားဖြင့် မှိုင်းတိုက်၊နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်သက်ပြီး မတော်လောဘတက်နေသူများ၏ သတင်းမှား၊ မုသားသတင်းဝါဒဖြန့်မှုကို အနက်(အမည်း) ရောင် စာနယ်ဇင်း ပညာရပ် (Black Journalism)ဟု ခေါ်ကြသည်။ သတင်းစာ စောင်ရေတက်ပြီး အမြတ်များများရအောင် ကာမရာဂဖြင့် မြှူဆွယ်သော စာနယ်ဇင်းပညာရပ်(Yellow Journalism) မျိုးသည်လည်းလူသားတို့ကို အကျိုးမပြုဘဲ အန္တရာယ်ကိုသာပေးသည်။ ထိုအနက်ရောင်၊ အဝါရောင် (အပြာရောင်) စာနယ်ဇင်းများသည် လူ့သမိုင်းမှတ်တမ်းမဝင်သည့်အပြင် သမိုင်းကိုပင် အဆိပ်အတောက်ဖြစ်စေနိုင်သည်။ သတင်းကို သစ္စာရှိစွာ၊ ပရိသတ်ကို သစ္စာရှိစွာဖြင့် သတင်းမှန်ပေးခြင်းကို မွန်မြတ်သောတာဝန်ဟု သတင်းစာ ဆရာစစ်စစ်များက ခံယူကြသည်။

သတင်းသည် ပြည်သူကိုတင်ပြသောနေ့များတွင် ဒိုင်ယာရီမှတ်တမ်းများဖြစ်ပြီး ကာလကြာသော် သမိုင်း၏ နောက်ဆက်တွဲစာကြောင်း စာပိုဒ်များဖြစ်လာသည်။ ထို့ကြောင့် သတင်းစုဆောင်းမှတ်သားခြင်းမျိုးသည် ပိုမိုကျယ်ပြန့်လာစေသင့်သည်။ မြန်မာ့စွယ်စုံကျမ်း ထူထူကြီး ၁၅ အုပ်ခန့်နှင့်နှစ်ချုပ်စာအုပ်ထူထူကြီး အုပ် ၂၀ခန့်တို့တွင်ပါသော စာသားများ၊ ရုပ်ပုံများကို ကွန်ပျူတာစီဒီရွှန် တစ်ချပ်တည်းဖြင့် သိုမှီးသိမ်းထား နိုင်သည်။ လိုအပ်ချိန်တွင် သိလိုသမျှကို ကွန်ပျူတာ၌ ပြန်ခေါ်ပြီး ကြည့်နိုင်သည်။ မိတ္တူကူးနိုင်သည်။ မြန်မာနိုင်ငံတွင် ထုတ်ဝေခဲ့သမျှ ရတနာပုံခေတ်မှ ယနေ့အထိ သတင်းစာများကို တက္ကသိုလ်စာကြည့်တိုက်၊ အမျိုးသား စာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်တို့မှ ပြန်လည် စုဆောင်းပြီး စီဒီရွှန်များတွင်ထည့်သွင်းနိုင်ခဲ့သော် နိုင်ငံအတွက် အကျိုးရှိမည်။ သုတေသီတို့အတွက်လည်း အသုံးဝင်မည်။ သမိုင်းအထောက် အထားကောင်းများ ဖြစ်လာမည်။

အနောက်နိုင်ငံများမှ သတင်းစာ၊သတင်းဂျာနယ်၊ သတင်း မဂ္ဂဇင်း တို့တွင် သတင်းထုတ်ပြန်သော ရက်စွဲ (Date Line) မပါကြတော့ပေ။ တနင်္လာနေ့က၊ ပြီးခဲ့သော အင်္ဂါနေ့ကဟု ညွှန်းတတ်သည်။ ထိုစာနယ်ဇင်း ထုတ်ဝေသော မျက်နှာဖုံးမှ နေ့စွဲကိုပြန်ကြည့်ကာ၊ ပြက္ခဒိန်လှမ်းကြည့်ကာ မည်သည့်ရက်ဖြစ်သည်ကို ပြန်ရှာရသည်။ ထိုသတင်းမဂ္ဂဇင်းကို အာရှထုတ်၊ ဥရောပထုတ် စသည်ဖြင့် ထုတ်ဝေသောအခါ မူလထုတ်ဝေသော ရက်စွဲနှင့် မတူတော့ပေ။ ယင်းသတင်းကို မျက်နှာဖုံးမပါဘဲဖြတ်သိမ်းလျှင် မှတ်တမ်း အတွက် အသုံးမဝင်နိုင်တော့ပေ။ သူတို့ဆီတွင် ယနေ့ထုတ်၊ ယနေ့ဖတ်၊ နောက်တစ်နေ့ ပြန်မသုံးတော့သည့် သဘောသဘာဝရှိပေသည်။ သတင်းကို မှတ်တမ်းအဖြစ် သိမ်းလျှင် ခုနှစ်၊ လ၊ နေ့ရက်ကို တိကျစွာ မှတ်ထားရန် လိုအပ်ပါသည်။

သတင်းမှတ်တမ်းများကို ခေတ်မီကွန်ပျူတာ နည်းပညာများဖြင့် ခေတ်အလိုက် စုစည်းမှတ်တမ်းတင်ခြင်းဖြင့် မြန်မာနိုင်ငံ၏သမိုင်းကို ပိုမိုပြည့်စုံအောင် အားဖြည့်နိုင်မည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ရန်ကင်းမြို့နယ် (၆)ရပ်ကွက် သုခဝတီလမ်းနေ ဒေါ်ခင်တာလတ်၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တောတိုက်ဓမ္မရိပ်သာ တရားစခန်း

ရန်ကုန် မတ် ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ဦးစီးပဓာန မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ ဆရာတော်ကြီးကိုယ်တိုင် မဟာသကြ်န်၁၀ရက် အဓိဋ္ဌာန်အထူး တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများသည် ဧပြီ ၇ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန်နှင့် ဖုန်း-၆၃၅၀၂၇၊ ၆၃၅၄၂၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

စာအောင်သံဃာ ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၁၃

၂၀၀၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် နိကာယ်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူခဲ့ကြသော ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် စစ်တောင်းလမ်းနှင့် ရတနာလမ်းထောင့် ဓမ္မာစရိယတက္ကသိုလ်၊ အလိုတော်ပြည့်ကျောင်းတိုက်မှ ကျမ်းပြီး ကျမ်းစွဲ ဂုဏ်ပြုခံ သာသနာ့အာဇာနည် အရှင်သူမြတ်၃၅ပါးတို့အား မတ် ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပူဇော်ပွဲကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို မတ် ၉ ရက်က (၁၂)ရပ်ကွက်၊ အလိမ္မာစာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်ပြန်ဆက်ဦးစီးမှူးဒေါ်ယဉ်ယဉ်သွယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွေးနှင့် ရပ်ကွက်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသန်းအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (ပြန်/ဆက်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၃-၃-၂၀၀၆)

အောင်လံ

၄၁ဒီဂရီ စင်တီဂရိတ်

(၁၀၆ဒီဂရီ ဖာရင်ဟိုက်)

မကွေးနှင့်မင်းဘူး

၄၀ဒီဂရီ စင်တီဂရိတ်

(၁၀၄ဒီဂရီ ဖာရင်ဟိုက်)

မရမ်းကုန်းမြို့နယ် အမှတ် (၁၇) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်းထူးချွန်ဆုများချီးမြှင့်ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ စတုတ္ထတန်းမှ မြို့နယ်အဆင့် ဘက်စုံပညာ ထူးချွန်ဆုပထမနှင့် ကျောင်းလုပ်ငန်း ဆောင်ရွက်မှုထူးချွန်ဆု ပထမရရှိသော မောင်မင်းမွန်ဟိန်းအား ကျောင်းအုပ်ဆရာကြီးဦးမြသန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိုဒ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၁၀ ၈။ ပညာခေတ်
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း-၅)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကောင်းကင်သိုင်းကွက် (အပိုင်း-၁၃)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိုဒ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

လူ့အခွင့်အရေးနှင့်ပတ်သက်၍ အမေရိကန်ဝေဖန်မှု ထိုင်းနိုင်ငံက ဝေဖန်ပြစ်တင်

ဗန်ကောက် မတ် ၁၂

ထိုင်းနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်သော အမေရိကန်နိုင်ငံ၏ ထုတ်ပြန်ချက်နှင့် စပ်လျဉ်းသည့် အချက်အလက်များနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ပြစ်တင်လိုက်သည်။

နိုင်ငံတစ်နိုင်ငံ၏ အခြေအနေအပေါ် အခြားတစ်နိုင်ငံက ထားရှိသော ကိုယ်ပိုင်စံများကို အသုံးပြု၍ တိုင်းတာခြင်း၊ အဆုံးအဖြတ်ပေးခြင်းသည် နည်းလမ်းမကျသော လုပ်ရပ်မျိုးသာဖြစ်သည်ဟု ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနက ဝေဖန်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်သည့် အမေရိကန်ကပြုစုသည့် လူ့အခွင့်အရေး အစီရင်ခံစာတွင် ဖော်ပြထားသော စွပ်စွဲချက်များသည် အခြေအနေမှန်များနှင့် ကိုက်ညီမှုမရှိကြောင်း ထိုင်းနိုင်ငံခြားရေးဌာနမှ ဆင်ဟွာသတင်းဌာနသို့ ပေးပို့သောစာတွင် ဖော်ပြထားသည်။ နိုင်ငံတိုင်းတွင် ထူးခြားသော အခြေ အနေနှင့် လက္ခဏာများ အသီးသီးရှိကြကြောင်း၊ ထိုအချက်အလက်များကို အလေး မထားဘဲ မိမိနှစ်သက်ရာ စံနှုန်းကို အသုံးပြု၍ အခြားတစ်နိုင်ငံအပေါ် ဝေဖန်ခြင်းသည် မပြုလုပ် သင့်သော ကိစ္စမျိုးဖြစ်ကြောင်း အဆိုပါပေးစာတွင် ရေးသားထားသည်။

အမေရိကန်တို့၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတွင် တင်ပြထားသော ထိုင်းနိုင်ငံနှင့် သက်ဆိုင်သည့် ဖော်ပြချက်များသည် အပြုသဘောမဆောင်သော ဖော်ပြချက်များသာဖြစ်သည်။ ထိုင်းနိုင်ငံ၏ အခြေအနေမှန်များကိုလည်း ထင်ဟပ်တင်ပြနိုင်ခြင်းမရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ စီဟာစက်ဖူဟန်ကက်ကော က မတ် ၁၀ ရက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်တပ်ဖွဲ့များက နိုင်ငံမြောက်ပိုင်း ဝါဇီရစ္စတန်ဒေသ၌ စစ်ဆင်ရေးပြုလုပ်စဉ် သိမ်းဆည်းရမိသော လက်နက်များကို မတ် ၁၀ ရက်က ပြသထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားရဲတပ်ဖွဲ့က ပင်လယ်ဓားပြအဖွဲ့ကို နှိမ်နင်း

ကွာလာလမ်ပူ မတ် ၁၂

မလက္ကာရေလက်ကြားဒေသတွင် သောင်းကျန်းနေသော ပင်လယ်ဓားပြဂိုဏ်းလေးဂိုဏ်းကို နှိမ်နင်းနိုင်ခဲ့ကြောင်း မလေးရှား ဒုတိယရဲချုပ် မူဆာဟာဆန်က မတ် ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဖမ်းဆီးနိုင်

မလေးရှားနိုင်ငံ ရေကြောင်းလုံခြုံရေးရဲတပ်ဖွဲ့သည် ရေလက်ကြားဒေသအတွင်း လုံခြုံမှုဆိုင်ရာစစ်ဆင်ရေးများ ဆောင်ရွက်နေစဉ် ပင်လယ်ဓားပြများကို ယခုကဲ့သို့ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဒုတိယရဲချုပ်၏ ပြောကြားချက်ကို ကိုးကား၍ ဘနားမားသတင်းဌာနက ရေးသားခဲ့သည်။

ရေကြောင်းလုံခြုံမှုစစ်ဆင်ရေးမှာ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်၍ ဖမ်းဆီးရမိမှုအခြေအနေကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ မလေးရှားနိုင်ငံ ကိုတာကင်နာဘာလူမြို့ကြီး၌ ကျင်းပနေသော မှုခင်းကြိုတင်ကာကွယ်ရေးအစည်းအဝေးတွင် ဒုရဲချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုမြို့သည် ဆာဘားပြည်နယ်၏ မြို့တော်ဖြစ်သည်။

ကျင်းပ

အဆိုပါအစည်းအဝေးကို ဆာဘားပြည်နယ်အစိုးရ မလေးရှားရဲတပ်ဖွဲ့နှင့် အာရှမှုခင်းကြိုတင်ကာကွယ်ရေးအဖွဲ့ (အေစီပီအက်ဖ်)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ယင်းအစည်းအဝေးမှာ လေးရက်ကြာပြုလုပ်သော အစည်းအဝေးဖြစ်သည်။ အေစီပီအက်ဖ်အဖွဲ့သည် တိုကျိုတွင်အခြေစိုက်သည့် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မှုခင်းကြိုတင်ကာကွယ်ရေး၊ တရားစီရင်ရေးဆိုင်ရာမူဝါဒနှင့် လက်တွေ့ကျင့်သုံးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ကြိုးပမ်းမှုများပြုလုပ်နေသော အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ပါကစ္စတန် ကက်ရှ်မီးယား၌ လျှင်လှုပ် တစ်ဦးသေ၊ ၁၆ ဦး ဒဏ်ရာရ

အစ္စလမ္မာဘတ် မတ် ၁၂

ပါကစ္စတန်နိုင်ငံ ကက်ရှ်မီးယားဒေသ၌ မတ် ၁၀ ရက်တွင် အင်အား ၅ ဒသမ ၂ အဆင့် ရှိ ငလျင်လှုပ်သွားရာ လူတစ်ဦး သေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါငလျင်သည် ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း၌ ငလျင်လှုပ်မှုကြီးဖြစ်ပေါ်ခဲ့ပြီးနောက် ငါးလအကြာတွင် လှုပ်ခဲ့သော ငလျင်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပူဂျာနှင့် ကက်ရှ်မီးယားဒေသအကြား ဖရွန်တီယာပြည်နယ် အနောက်မြောက်ဘက်၌ မတ် ၁၀ ရက်တွင် ငလျင်လှုပ်ခဲ့ကြောင်း၊ ငလျင်လှုပ်မှုကြောင့် ပြည်သူများသည် မိမိတို့နေအိမ်မှ ခုန်ချခဲ့ရာ ဒဏ်ရာရရှိခဲ့ကြကြောင်း၊ အိမ်နံရံပြိုကျမှုကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း သတင်းတွင်ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပင်လယ်ပြင်အတွင်း ငါးခိုးဖမ်းသည့် ရေယာဉ်တစ်စင်းပေါ်သို့ ဩစတြေးလျရေတပ် တပ်ဖွဲ့ဝင်များ တက်ရောက်စစ်ဆေးနေသည်ကို မတ် ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တောင်ပိုင်း၌ မုန်တိုင်းကျရောက် နှစ်ဦးသေဆုံး

ဝါရှင်တန် မတ် ၁၂

အမေရိကန်နိုင်ငံတောင်ပိုင်းပြည်နယ်များတွင် မတ် ၉ရက်က လေပြင်းမုန်တိုင်းကျရောက်ခဲ့ရာ လူနှစ်ဦးထက်မနည်းသေဆုံးပြီး ဒဏ်ရာရရှိသူများပြားကြောင်း စီအင်အင်သတင်းဌာနက မတ် ၁၀ရက်တွင် သတင်းထုတ်လွှင့်သည်။

မုန်တိုင်းကျရောက်မှုကြောင့် အာကန်ဆက်စ်၊ မစ္စစ္စပီ၊ မစ်ဆိုရီနှင့် တင်နက်စ်ဆီပြည်နယ်တို့၌ ပျက်စီးမှုများရှိခဲ့သည်။

အဆိုပါနေရာများတွင် တစ်နာရီလျှင် ကီလိုမီတာ ၁၃၀နှုန်းဖြင့် လေပြင်းမုန်တိုင်း တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်အရှေ့မြောက်ပိုင်းပင်လယ်ပြင်၌ သင်္ဘောနစ်မြုပ်

ရှန်ယန် မတ် ၁၂

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်ပြည်နယ် ဒန်ဒေါင်းဆိပ်ကမ်းအနီး ပင်လယ်ပြင်၌ မတ် ၉ ရက် နေ့လယ် တွင် ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ နိုင်ငံခြားသင်္ဘောသား ၁၃ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သတင်း တစ်ရပ်၌ ဖော်ပြထားသည်။

ပင်လယ်တွင်နစ်မြုပ်

တောင်ကိုရီးယား၌ မှတ်ပုံတင်ထားသော ကုန်တင်သင်္ဘောသည် မတ် ၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဒန်ဒေါင်းဆိပ်ကမ်းမှ ၆၅ မိုင်အကွာ ပင်လယ်တွင်နစ်မြုပ်ခဲ့သည်။ အဆိုပါသင်္ဘောပေါ်တွင် တောင်ကိုရီးယားသင်္ဘောသား ရှစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသားသုံးဦး လိုက်ပါလာကြသည်။ သင်္ဘောသားများထံမှ အချက်ပေးမှုကို ဒန်ဒေါင်းဆိပ်ကမ်းအစောင့်များကရရှိခဲ့ပြီး ဒေသဆိုင်ရာ ရေကြောင်း ကယ်ဆယ်ရေးအဖွဲ့များနှင့် သွားရောက်ကယ်ဆယ်ခဲ့ကြသည်။

လေပြင်းမုန်တိုင်းနှင့် လှိုင်းကြီးများရှိသော်လည်း အဆိုပါနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် သင်္ဘောသား ၁၃ ဦးစလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထိုသင်္ဘောသည် တောင်ကိုရီးယားမှ ကုန်တန်ချိန် ၆၁၀၀ ကို သယ်ဆောင်ခဲ့ကြောင်း၊ ညနေ ၅ နာရီခန့်တွင် သင်္ဘောတစ်စင်းလုံး ပင်လယ်တွင်းသို့ နစ်မြုပ်သွားခဲ့ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို မတ် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် ဆေးရုံအနီး ဗုံးပေါက်ကွဲ

ဘဂ္ဂဒက် မတ် ၁၂

ဘဂ္ဂဒက်မြို့ အနောက်ပိုင်းဆေးရုံအနီး၌ မတ် ၉ ရက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အီရတ် အရပ်သားနှစ်ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ခုနစ်ဦးရှိကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရာမောက်ဆေးရုံအနီး လမ်းဘေးတွင် ရပ်ထားသော ကားတစ်စီးအနီး အီရတ်ကင်းလှည့်အဖွဲ့ ဖြတ်သန်းသွားစဉ် အဆိုပါကားမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဘဂ္ဂဒက် ရဲတပ်ဖွဲ့မှ ရဲမှူး အာမက်ဘာဒူလာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အလာစကာပြည်နယ် ရေနံမြေတွင် ရေနံယိုဖိတ်မှုဖြစ်ပွား

အင်ကာရေ့ဂျ် (အလာစကာ) မတ် ၁၂

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်ရှိ ပရူဒိုးပင်လယ်အော် ရေနံမြေတွင် ရေနံယိုဖိတ်မှု ဖြစ်ပွားခဲ့သဖြင့် ပင်လယ်အော်၏ ရေထုအတွင်းသို့ ရေနံစိမ်းဂါလန် ၂၆၇၀၀၀ အထိ ရောက်ရှိသွားကြောင်း၊ အလာစကာပြည်နယ်ရှိ နှော့သ်စလုပ်ဒေသတွင် ရေနံယိုဖိတ်မှုဖြစ်ရပ်များအနက် အကြီးအကျယ်ဆုံးဖြစ်ရပ်ဖြစ်ကြောင်း အလာစကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဌာနက စနေနေ့တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံရှိ ရေနံမြေများအနက် အကြီးဆုံးရေနံမြေဖြစ်သော ပရူဒိုးပင်လယ်အော်အတွင်းသို့ ရေနံဂါလန် ၂၀၁၀၀၀ ထက်မနည်း ယိုဖိတ်သွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယိုဖိတ်သွားသော ရေနံမှာ တန်ဒြာဒေသ (အာတိတ်ဒေသရှိ သစ်ပင်မပေါက်ရောက်သော လွင်ပြင်ဒေသ)၏ ကျယ်ဝန်းသောနေရာတွင် ပျံ့နှံ့နေကြောင်း၊ ရေနံယိုဖိတ်မှုကြောင့် ပေါ်ပေါက်နိုင်သော ပျက်စီးထိခိုက်မှုများကို လောလောဆယ်မသိနိုင်သေးကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဌာနမှ ညှိနှိုင်းရေးမှူး လက်လီပါဆင်က ပြောကြားသည်။

ပြီးခဲ့သည့် မတ် ၂ ရက်က ပရူဒိုးပင်လယ်အော်၏ အနောက်ဘက်ကမ်းတွင် ရေနံယိုဖိတ်နေကြောင်း ဘီပီရေနံစူးစမ်းရှာဖွေရေး ကုမ္ပဏီ အလုပ်သမားတစ်ဦးက တွေ့ရှိခဲ့သည်။ ***အင်တာနက်။***

မလေးရှားနှင့်ဩစတြေးလျ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ကွာလာလမ်ပူ မတ် ၁၂

မလေးရှားနှင့် ဩစတြေးလျနိုင်ငံတို့သည် စိုက်ပျိုးရေးလုပ်ငန်း၊ အစားအစာထုတ်လုပ်ရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းနှင့် ငါးလုပ်ငန်း ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် နားလည်မှု စာချွန်လွှာတစ်ရပ်ကို ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့၌ ကြာသပတေးနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်းဘားနားမား သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

လူသားချင်းစာနာသော အကူအညီပေးရေးလုပ်ငန်းများတွင် သုံးစွဲရန် ကုလသမဂ္ဂ၏ ဗဟိုအရေးပေါ် ရန်ပုံငွေထားရှိရေးကိစ္စများနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ၌ ဆွေးနွေးနေသည်ကို မတ် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုကင်း သယ်ဆောင်ဖွယ်ရှိသော ရေငုပ်သင်္ဘော ကိုလံဘီယာရေတပ်က ဖမ်းဆီးရမိ

ဘိုဂိုတာ မတ် ၁၂

မူးယစ်ဆေးဝါး တစ်မျိုးဖြစ်သော ကိုကင်းများကို အမေရိကန်နိုင်ငံသို့ မှောင်ခိုသယ်ယူပို့ဆောင်ရာ၌ သုံးစွဲနေသည်ဟု ယူဆရသော ရေငုပ်သင်္ဘောတစ်စင်းကို ကိုလံဘီယာရေတပ်က ဖမ်းဆီးရမိခဲ့သည်။

၁၈ မီတာ အရှည်ရှိသည့် မှောင်ခိုရေငုပ်သင်္ဘောကို မတ် ၉ ရက်က ဗျူနာဗင်တူရာ သင်္ဘောဆိပ်မှ ၄၅ ကီလိုမီတာအကွာ ပစိဖိတ်သမုဒ္ဒရာအတွင်း ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ရေတပ်စစ်ဆင်ရေး အကြီးအကဲ ဗိုလ်ချုပ်ဂူလီရာမိုဘာရီရာက ပြောကြားသည်။ ထိုသင်္ဘောသည် ကိုကင်းလေးတန်မျှသယ်ဆောင်ကာ မှောင်ခိုသယ်ပို့နေသည်ဟု ယူဆထားကြောင်း သိရသည်။

ကိုလံဘီယာရေတပ်က ပြုလုပ်သော စစ်ဆင်ရေးတွင် လူသုံးဦးနှင့် အမြန်ရေယာဉ်နှစ်စင်းကိုလည်း ထပ်မံဖမ်းဆီးရမိကြောင်း သိရသော်လည်း မူးယစ်ဆေးဝါးများကို ရမိခြင်းမရှိဟု ဆိုသည်။

မူးယစ်ဆေးဝါးများကို ပစိဖိတ်သမုဒ္ဒရာအတွင်း တစ်နေရာသို့ သယ်ထုတ်သွားကာ သမုဒ္ဒရာရေပြင်တွင် စောင့်ဆိုင်းနေသော အမြန်ရေယာဉ်များပေါ်သို့ ကိုကင်းများကို လွှဲပြောင်းပေးသည်။ ထိုမှ အလယ်ပိုင်းအမေရိကဆီသို့ဆက်လက်သယ်ဆောင်ပြီး ကုန်းကြောင်းလမ်းမှတစ်ဆင့် အမေရိကန် ဈေးကွက်ဆီသို့ ပို့သယ်ဆောင်နေသည်ဟု ရေတပ်ဗိုလ်ချုပ်ဘာရီရာက ပြောကြားသည်။

ကုန်းကြောင်းနှင့် လေကြောင်းမှ စောင့်ကြည့်ထိန်းချုပ်မှုများ တင်းကျပ်ထားသည့်အတွက် လွန်ခဲ့သည့် နှစ်အနည်းငယ်မှစ၍ ရေကြောင်း မူးယစ်ဆေးဝါး သယ်ဆောင်မှုများ ပိုမိုများပြားလာခဲ့ခြင်း ဖြစ်သည်ဟု သတင်းများက ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ရုရှား၌ ရဟတ်ယာဉ် ပျက်ကျ တစ်ဦး သေဆုံး ၁၄ဦး ဒဏ်ရာရ

မော်စကို မတ် ၁၃

ရုရှားနိုင်ငံ အနောက်မြောက်ပိုင်း၌ လူ ၁၉ဦး တင်ဆောင်လာသည့် ရဟတ်ယာဉ်တစ်စင်း စနေနေ့တွင် ပျက်ကျရာ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူ တစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

နီနက်စ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဗရန်ဒီမြို့၌ အမ်အိုင်-၈ ရဟတ်ယာဉ် ပျက်ကျချိန်တွင် လေယာဉ်ပေါ်၌ ခရီးသည် ၁၆ဦးနှင့် လေယာဉ်ဝန်ထမ်း သုံးဦးလိုက်ပါလာသည်။ တစ်ဦးသေဆုံးသွားပြီး ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ တင်ပို့ထားသည်။

ခရီးသည်အားလုံးမှာ ယမန်နှစ်က ဗရန်ဒီမြို့အနီးလေယာဉ်တစ်စင်းပျက်ကျရာတွင် သေဆုံးခဲ့သူများ၏ ဆွေမျိုးများဖြစ်ကြောင်း၊ယင်းလေယာဉ်ပျက်ကျမှု နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် လာရောက်ကြသူများဖြစ်ကြောင်း အရေးပေါ်အခြေအနေများ ဝန်ကြီးဌာနအောက်ရှိ အနောက်မြောက်ပိုင်းဒေသဆိုင်ရာ ဌာနက ကြေညာသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကုလရန်ပုံငွေထည့်ဝင်ရေး ဂျပန်နိုင်ငံတိုက်တွန်း

တိုကျို မတ် ၁၂

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများသည် ကုလသမဂ္ဂရန်ပုံငွေအတွက် ငွေကြေးပိုမိုထည့်ဝင်ရန် လိုအပ်ကြောင်း၊ ယင်းသို့ ထည့်ဝင်ခြင်း မရှိပါက လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း မရှိသင့်ကြောင်း ဂျပန်နိုင်ငံက မတ် ၁၀ ရက်တွင် ပြောကြားသည်။

မိမိတို့နိုင်ငံသည် ကုလသမဂ္ဂရန်ပုံငွေအတွက် ထည့်ဝင်သည့် ငွေကြေးပမာဏကို လျှော့ချပစ်မည်ဟု ဂျပန်နိုင်ငံက ခြိမ်းခြောက်လိုက်သည်။ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများတွင် ဂျပန်ပါဝင်ခွင့်ရရှိရန် လွန်ခဲ့သည့်နှစ်က ကြိုးပမ်းခဲ့သော်လည်း မအောင်မမြင်ဖြစ်ခဲ့သဖြင့် ဂျပန်အစိုးရမှာ စိတ်ပျက်ခဲ့ရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတိုင်းသည် ကုလသမဂ္ဂဘက်ဂျက်၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ ရန်ပုံငွေထည့်ဝင်ရန် ဂျပန်နိုင်ငံက အဆိုပြုခဲ့သည်။ ဂျပန်နိုင်ငံသည် ကုလသမဂ္ဂ ရန်ပုံငွေအတွက် ၁၉ ဒသမ ၄၇ ရာခိုင်နှုန်းကို တာဝန်ယူထားသည့် နိုင်ငံဖြစ်သည်။ ***အင်တာနက်။***



စပိန်နိုင်ငံ ကာကွယ်ရေးဌာနနှင့် ပြင်သစ်ဆက်သွယ်ရေး ကုမ္ပဏီတို့၏ ဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားသည့် အေရီယာနီ-၅ ဒုံးပျံကို ပြင်သစ်ဂိုင်ယာနာရှိ ဒုံးပျံလွှတ်တင်ရေး စခန်းမှ မတ် ၁၂ ရက်က လွှတ်တင်လိုက်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အေသင်မြို့ ကားပြခန်း၌ ဗုံးများပေါက်ကွဲ ပြင်သစ်နိုင်ငံလုပ် ကား ၂၆စီး ပျက်စီး

အေသင် မတ် ၁၂

ဂရိနိုင်ငံ အေသင်မြို့ရှိ မော်တော်ကားပြခန်းများတွင် မတ် ၁၁ ရက်က ပေါက်ကွဲမှုများ ဖြစ်ပွားရာ ပြခန်းများအတွင်း ပြသထားသော မော်တော်ကားများနှင့် ယာဉ်ရပ်နားရာ စခန်းတွင် ရပ်ထားသော ကားစုစုပေါင်း ၂၆ စီး ပျက်စီးသွားကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ဖောက်ခွဲသူများမှာ မည်သူမည်ဝါမှန်း မသိရသော်လည်း အသုံးပြုသော ဗုံးများမှာ လက်လုပ်ဗုံးများ ဖြစ်သည်ဟု ဆိုသည်။ ထို့အပြင် ပျက်စီးသွားသော ကားများမှာလည်း ပြင်သစ်နိုင်ငံလုပ် ကားများသာဖြစ်ကြောင်း သိရသည်။ ထိုကားအများစုမှာ ရေနိုးကားပြခန်းနှင့် စီထရွန်ကားပြခန်းမှကားများ ဖြစ်ကြသည်။

ယခုပေါက်ကွဲမှုများသည် ဂရိနိုင်ငံရှိ နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် ကားများကိုသာ ပစ်မှတ်ထားကာ တိုက်ခိုက်လေ့ရှိသော မင်းမဲ့စရိုက်အုပ်စုများ၏ လက်ချက်ဖြစ်နိုင်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ထိုအုပ်စုများ လှုပ်ရှားနေသည်မှာ နှစ်အတန်ကြာပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျာမနီတွင် ကိုကင်းသိမ်းဆည်းရမိ

ကိုလုံး(ဂျာမနီ) မတ် ၁၂

ဂျာမနီနိုင်ငံ ဘရာမာဟာဗန်မြို့ ဆိပ်ကမ်း၌ ကိုကင်း ၃၂၅ ကီလို (၇၁၆ ပေါင်)ကို ဂျာမန်အာဏာပိုင်များက သိမ်းဆည်းရမိခဲ့ကြောင်း၊ ငါးနှစ်တာကာလအတွင်း၌ ကိုကင်းသိမ်းဆည်းရမှုတွင် ပမာဏ အများဆုံးဖြစ်ကြောင်း တာဝန်ရှိသူက မတ် ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ထိုသိမ်းဆည်းရမိသော ကိုကင်းများသည် တန်ဖိုးအားဖြင့် ယူရိုငွေ ၂၅ သန်း (အမေရိကန်ဒေါ်လာ သန်း ၃၀) ရှိကြောင်း၊ ပီရူးမှ နော်ဝေးသို့သွားမည့် ကုန်တင်သင်္ဘောပေါ်တွင် အဆိုပါ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း၌ မီးလောင်နေသော အမေရိကန် တင့်ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

✻ ကျောဖုံးမှ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အလှူတော် ခံယူကြမည့် ဆရာတော်ကြီးများ၊ ဆရာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မင်္ဂလာအခမ်းအနားမစတင်မီ နံနက် ၁၁နာရီမှ စတင်၍ နိုင်ငံတော်ဆိုင်းအဖွဲ့က သီချင်းကြီးများ၊ ဓမ္မတေးများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

နေရာချထားပေး

ထို့နောက် နံနက် ၁၁နာရီခွဲတွင် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နားနေခန်းသို့ တာဝန်ရှိသူများက ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန်ဘွဲ့ခံ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သာသနာ့ဂုဏ်ပြုဘွဲ့ရ လူပုဂ္ဂိုလ်များအား ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သတ်မှတ်နေရာများ၌ နေရာချထားပေးကြသည်။

ဆက်လက်၍ နံနက် ၁၁နာရီ ၄၅မိနစ်တွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတောင်ဘက်မှ စတင်၍ မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာကြရာ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက အောင်သပြေစိုက် ငွေဖလားကို ပိုက်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်က ပန်းကလပ်ကို ကိုင်ဆောင်လျက် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးထွန်းလှက ကွမ်းတောင်ကို ကိုင်ဆောင်လျက် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်းက“နိုင်ငံတော် သံဃမဟာနာယက” ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက “တိပိဋကဓရ၊ တိပိဋကကောဝိဒ” ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များအား ပင့်ဆောင်လာသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရွှေက “အဘိဓဇမဟာရဋ္ဌဂုရု” ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး သုံးပါးတို့အား ပင့်ဆောင်လာသည်။

ယင်းနောက် ညွှန်ကြားရေးမှူးဦးခိုင်အောင်က “အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက” ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး ငါးပါးတို့အား ပင့်ဆောင်လာသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က “တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက” ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်တစ်ပါးအား ပင့်ဆောင်လာသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်က “အဂ္ဂမဟာပဏ္ဍိတ” ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော် ၂၂ပါးတို့အား ပင့်ဆောင်လာသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးသန်းဝင်းက “အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ”ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး ၃၂ပါး တို့အား ပင့်ဆောင်လာကြပြီး ယင်းနောက် ဌာနမှူး ဦးရဲဌွေးက ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါလာသည်။

လက်အုပ်ချီ ဂါရဝပြု

ထိုကဲ့သို့ ဆရာတော်ကြီးများအား မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာချိန်တွင် နိုင်ငံတော်ဆိုင်းအဖွဲ့က ရောင်ခြည်တော် ဘွဲ့သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်း သတ်မှတ်နေရာ အသီးသီး၌ နေရာယူထားကြသော ဧည့်ပရိသတ်တို့ကလည်း ဆရာတော်ကြီးများအား လက်အုပ်ချီမိုးလျက် ဂါရဝပြုကြသည်။

ထို့နောက် မင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မြင့်မြင့်ကြည်က မြန်မာ့ရိုးရာစောင်းနှင့် တွဲဖက်ကာ “ထူးမခြားနား”သီချင်းခန့်ကို သီဆိုပူဇော်သည်။ သီဆိုပူဇော်မှုအပြီးတွင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးကို တစ်ပြိုင်တည်း ကိုးကြိမ်တီးခတ်ပူဇော်ကြသည်။

စာတမ်းဖတ်ကြားလျှောက်ထား

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြားလျှောက်ထားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စဉ်လာမပျက် ဆက်ကပ်လှူဒါန်းခြင်းဖြစ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ၁၃၆၇ခုနှစ် ပြာသိုလဆန်း ၆ ရက်၊ (၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်) လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၆) ဖြင့် ထုတ်ပြန်ကြေညာ၍ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ယင်းအမိန့်ကြော်ငြာစာအရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းသည့် ဤမဟာမင်္ဂလာအခမ်းအနားကြီးကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း ဖြစ်ပါကြောင်း။

ယခု ၂၀၀၆ ခုနှစ်တွင် သံဃာတော်အရှင်မြတ် ၃၁၉ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သီလရှင်ဆရာကြီးအပါး ၂၀နှင့် လူပုဂ္ဂိုလ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၇ ဦးတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းမည် ဖြစ်ပါကြောင်း။

ယခုအခါ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကောင်းမြတ်သည့် အချိန်အခါ ဆိုက်ရောက်ပြီဖြစ်ပါသော ကြောင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကြီး ဖွင့်လှစ်ပြီဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါကြောင်းဖြင့် အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားကာ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

သြဝါဒကထာ မြွက်ကြား

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သီလဝံသက သမ္မောဒနီယ သြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

(ဆရာတော်ကြီး၏ သမ္မောဒနီယ သြဝါဒကထာကို စာမျက်နှာ-၇ တွင် ဖော်ပြထားပါသည်။)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂဝံသ နှင့် စစ်ကိုင်းတိုင်း မုံရွာမြို့ အသောကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂပဏ္ဍိတ တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့ဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သီလဝံသ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသော ဧရာဝတီတိုင်း ပုသိမ်မြို့ နှစ်ကျိပ်ရှစ်ဆူလမ်း ကမ္ဘာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီရိန္ဒရ၊ မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ဝါးတိုး(အလယ်-၁)ရပ်ကွက် ဆင်ကျုံးတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (၁၀)လမ်း မဟာသိပ္ပံပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသီရိဓမ္မတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင် တို့ကို ဆက်ကပ်လှူဒါန်းသည်။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းတိုက် ပိဋကတတ်တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်းဆိုင်ရပ်ကွက် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မသီရိတို့အား လည်းကောင်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မင်းကွန်း တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရအား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အဂ္ဂမဟာပဏ္ဍိတ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါးတို့အား **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

❖ စာမျက်နှာ ၆ မှ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိုးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ ရှေ့နေချုပ် ဦးအေးမောင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးနှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အားလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အား လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ် အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ် အပ်နှင်းစဉ်။ (သတင်းစဉ်)

အဆုံးအမကို လွယ်ကူစွာလိုက်နာခြင်းသည် "သောဝစဿတာ" မင်္ဂလာဖြစ်

လူလည်းလူအလျောက်၊ ရှင်လည်းရှင်အလျောက် အဆုံးအမကို လွယ်ကူစွာကျင့်သုံး

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆင်ယင်ကျင်းပအပ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တသီလဝံသ မိန့်ကြားတော်မူအပ်သော

သမ္ဗောဓနီယဩဝါဒကထာ

[၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့် (၂၀၀၆ ခုနှစ်၊ မတ်လ ၁၃ ရက်) တနင်္လာနေ့]

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအတွက် အားတက်ဝမ်းမြောက်ဖွယ်ရာရှိလှသော ဤဂုဏဝိသိဋ္ဌပူဇာသဘင် ဆင်ယင်ကျင်းပရာသို့ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များ၊ နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ၊ ဥပါသိကာမ အပေါင်းတို့အား ဩဝါဒစကား ပြောကြားလိုပါတယ်။

မြတ်စွာဘုရားသည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဗောဓိမဏ္ဍိုင်မှ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူရာ ကပိလဝတ်နေပြည်တော်သို့ ပဌမအကြိမ် ရောက်တော်မူသည်။ ခုနစ်ရက်မြောက်သောနေ့တွင် ခုနစ်နှစ်သားအရွယ်ရှိသော သားတော် ရာဟုလာက—

အဟံ တာတ ကုမာရော ဆတ္တံ ဥဿာပေတွာ စက္ကဝတ္တီ
ဘဝိဿာမိ၊ ဓနေန မေ အတ္ထော၊ ဓနံ မေ ဒေဟိ။ (ဝိ၊ ၄၊ ၃၊ ၂၉၀)

ခမည်းတော်မြတ်ဘုရား သားတော်သည် မင်းသားဖြစ်ပါ၏။ ထီးဖြူကိုစိုက်ထူ၍ စကြဝတေးမင်းဖြစ်ပါအံ့။ ဖခမည်းတော် အမွေအနှစ်ဖြစ်သော ဥစ္စာကို သားတော်အားပေးတော်မူပါဟု အမွေတောင်းခဲ့ပါသည်။

ထိုအခါ မြတ်စွာဘုရားက လောကီအမွေသည် ဝဋ်ဆင်းရဲသို့ အစဉ်ရောက်စေတတ်၏။ ဆင်းရဲပင်ပန်းခြင်းနှင့်တကွဖြစ်၏။ ယခုအခါရာဟုလာအား ငါဘုရား ဗောဓိမဏ္ဍိုင်၌ ရခဲ့သည့် အရိယာဥစ္စာ ခုနစ်ပါးအမွေကို ပေးအံ့ဟု ကြံတော်မူ၍ ရာဟုလာမင်းသားကို ရှင်ပြုပေးရန် အရှင်သာရိပုတ္တရာကို စေခိုင်းတော်မူ၏။

ရာဟုလာမင်းသားသည် ဘုန်းသမ္ဘာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ရာ ရှင်သာမဏေပြုရာ၌ ချီးမြှောက်ကြသော ဆရာများမှာ အရှင်မဟာမောဂ္ဂလာန်က ဆံရိတ်၊ သင်္ကန်းဝတ်ပေး၍ သရဏဂုံဖြင့် ချီးမြှောက်၏။ အရှင်မဟာကဿပက ဩဝါဒပေးတော်မူ၍ အရှင်သာရိပုတ္တရာက ဥပဇ္ဈာယ်ပေးကာ အသီးသီးချီးမြှောက်တော်မူ၏။

ရှင်ရာဟုလာသည် ဇာတ်အားဖြင့်လည်းကောင်း၊ အနွယ်အားဖြင့်လည်းကောင်း၊ အမျိုးအားဖြင့်လည်းကောင်း၊ ရုပ်ရည်ရူပကာအားဖြင့်လည်းကောင်း အထက်တန်းကျ၍ အဘက်ဘက်မှပြည့်စုံသူဖြစ်သည်။ စကြဝတေးမင်းဖြစ်လောက်သည့် ဘုန်းကံပါရမီနှင့် ပြည့်စုံသူလည်းဖြစ်သည်။ သို့ဖြစ်၍ လောကသဘောအရ အဘက်ဘက်မှ ပြည့်စုံမှုကို အခြေခံပြီး မာန်မာနတက်ကာ အရိုသေတန်တတ်သည်။ ရိုသေထိုက်သူကို မရိုသေဘဲ မလေးမစား ပြုမိတတ်သည်။

ထိုသို့ မပြုမိအောင် သားတော်ရာဟုလာကို မြတ်စွာဘုရားက သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့်ဆိုင်သော ဩဝါဒအမျိုးမျိုးကို ပေးတော်မူသည်။ ရှင်ရာဟုလာအား ဆုံးမဩဝါဒပေးမှုနှင့်စပ်သော သုတ်တော်များမှာ နှစ်ဆယ်ကျော် သုံးဆယ်နီးပါးရှိခဲ့သည်။ တစ်သုတ် တစ်သုတ်မှာလည်း ဆုံးမချက်ဩဝါဒတွေ များစွာပါရှိပါသည်။

ပါရမီဓာတ်ခံမရင့်သန်သည့် သာမန်ပုဂ္ဂိုလ်တို့အဖို့ ဤသို့ထွေပြား များပြားလှသည့် ဩဝါဒတွေကို အဖန်ဖန် အထပ်ထပ် ပေးနေခြင်းဖြင့် ခြေမလှုပ်သာ၊ လက်မလှုပ်သာ လွန်စွာကျဉ်းကျပ်ဘယ်လိုလုပ်နေရတော့ မှာလဲဟု ပြောဖွယ်ရာဖြစ်ပါသည်။ သို့သော် သာမဏေရှင်ရာဟုလာကား ထို့ကဲ့သို့ ပြောဆိုဖို့ဝေးစွ၊ နံနက်စောစော အိပ်ရာမှ ထပြီးလျှင် သဲတွေကို လက်ခုပ်ဖြင့် ကျုံးယူပြီး ယနေ့အဖို့ ငါ့အတွက် မြတ်စွာဘုရားထံမှလည်းကောင်း၊ ဆရာဥပဇ္ဈာယ်တို့ထံမှလည်းကောင်း၊ ဤသဲလုံးများနှင့်အမျှ အဆုံးအမဩဝါဒတွေရလျှင် ကောင်းမှာပဲလို့ တောင့်တပြောဆိုလေ့ရှိသည်။ ရဟန်းသံဃာတော်များကလည်း ရှင်ရာဟုလာအား အဆုံးအမကို လွယ်ကူစွာ ခံယူကျင့်သုံးတတ်သော သားထူးသားမြတ်အနေဖြင့် ချီးမွမ်းကြပါသည်။

အဆုံးအမကိုလွယ်ကူစွာလိုက်နာခြင်းဟာ ၃၈-ဖြာမင်္ဂလာထဲမှာ **"သောဝစဿတာ"** မင်္ဂလာအဖြစ် ပါရှိပါသည်။ လူလည်းလူအလျောက်၊ ရှင်လည်းရှင်အလျောက် သက်ဆိုင်ရာအဆုံးအမတွေကို လွယ်ကူစွာ နာယူကျင့်သုံးခြင်းသည် ကြီးပွားဖို့ရာအတွက် အချက်အချာကျသည့် မင်္ဂလာတစ်ပါးဖြစ်ပါသည်။ အဆုံးအမကို အလွန်လိုလားတဲ့ ရှင်ရာဟုလာအား မြတ်စွာဘုရားက နေ့စဉ်မပြတ် ဆုံးမသည့်ဩဝါဒကို ဘုန်းကြီးပြောကြားပါမည်။ အဲဒီ အဆုံးအမဩဝါဒများကတော့—

ချစ်သားရာဟုလာ၊ သင်ချစ်သားသည် အမြဲမပြတ် အတူပေါင်းသင်းဆက်ဆံမှုကြောင့် သင်ချစ်သား၏ ဥပဇ္ဈာယ်ဆရာ သာရိပုတ္တရာမထေရ်မြတ်ကို မထီမဲ့မြင်မှု၊ အထင်သေးမှု မပြုမိဘဲရှိပါ၏လော။ လူတို့၏ ဉာဏ်ဆီမီးတန်ဆောင်ကို ထွန်းပေးတတ်သော ပညာရှိပုဂ္ဂိုလ် သာရိပုတ္တရာမဟာထေရ်ကို သင်ချစ်သားသည် ပူဇော်သမှု၊ အရိုအသေပြုမှု ရှိပါ၏လောဟု ဩဝါဒစကားမိန့်ကြားတော်မူပါသည်။

ထိုအခါ သားတော်ရာဟုလာက "မြတ်စွာဘုရား၊ တပည့်တော်သည် အမြဲမပြတ် အတူပေါင်းသင်းဆက်ဆံနေထိုင်မှုကြောင့် ပညာရှိအရှင်သာရိပုတ္တရာ မဟာထေရ်ကို မထီမဲ့မြင် မရိုမသေမပြုပါ၊ လူတို့၏ ဉာဏ်ဆီမီးတန်ဆောင်ကို ထွန်းပေးတတ်သော ပညာရှိပုဂ္ဂိုလ် သာရိပုတ္တရာ အရှင်မြတ်ကို တပည့်တော်သည် အမြဲပူဇော်ပါ၏"ဟု လျှောက်ခဲ့သည်။

ထို့နောက် မြတ်စွာဘုရားက ရှင်ရာဟုလာအား "ကာမဂုဏ်ငါးပါးကို ပယ်စွန့်၍ သဒ္ဓါတရားဖြင့် အိမ်ရာ တည်ထောင် လူ့ဘောင်မှ ထွက်ခွာလာသူဖြစ်ရကား၊ ဝဋ်ဆင်းရဲ၏ အဆုံးရောက်အောင် ပြုကျင့်ရမည်၊ မိတ်ဆွေကောင်း ပေါင်းသင်း၍ အစွန်အဖျားကျသော ကျောင်းများ၌ နေထိုင်ကာ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိရမည်၊ ပစ္စည်းလေးဖြာတို့၌ တွယ်တာတပ်မက်မှု မဖြစ်စေရ၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၌ လုံခြုံစွာစောင့်ထိန်းရမည်၊ ကာယဂတာ သတိအမြဲရှိ၍ သံသရာ၌ ငြီးငွေ့မှုများအောင် ပြုကျင့်ရမည်၊ လုပတင့်တယ်၏ဟူသော အမှတ်နိမိတ်ကို ရှောင်ကြဉ်၍ အသုဘဘာဝနာကို သမာဓိ ရင့်သန်အောင် ပွားများရမည်၊ အနိမိတ္တဝိပဿနာကို ပွားများ၍ အနိစ္စသညာရရှိကာ မာနာနုသယကို ပယ်စွန့်ရမည်၊ ထိုသို့ ပယ်စွန့်နိုင်ခြင်းကြောင့် ကိလေသာခပ်သိမ်း အပူငြိမ်းကာ နေရပေလိမ့်မည်"ဟု ဆုံးမတော်မူပါသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာအား အရိယာနယ်ပယ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ဩဝါဒပေးတော်မူတိုင်း ဤသုတ်တော်ဖြင့် အမြဲမပြတ် ဩဝါဒပေးတော်မူပါသည်။

ဤသုတ်တော်လာ ဩဝါဒစကားများသည် အလွန်မှတ်သားဖွယ်ကောင်း၍ တိပိဋကမင်းကွန်းဆရာတော်ကြီး ရေးသားထားသည့် မှတ်ဖွယ်အချုပ် သရုပ်လင်္ကာမှာ—

မိတ်ကောင်းမှီစေ၊ တောရပ်နေ သုံးလေ မတ္တညု၊
ပစ္စည်းလေးဖြာ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု၊
ပါတိမောက္ခသံဝရ သီလလုံစေမှု၊
တံခါးခြောက်ထွေ ဣန္ဒြေ ငြိမ်းစေပိတ်ဆို့မှု၊
သတိမြဲရာ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု၊
သုဘနိမိတ် ခွာရှောင်ဆိတ်၊ ဈာန်စိတ်ပိုင်အောင်ရှု၊
အနိမိတ္တ ထင်စေမှ မာနကွာအောင်ပြု၊
ဤနည်းကျင့်ပေ ဝဋ်သုံးထွေ ငြိမ်းလေမှန်သည်ဟု၊
ရာဟုလာအား တို့ဘုရား ဟောကြားနေ့နေ့မှု. . .ဟူ၍ ဖြစ်ပါသည်။

ဤကဲ့သို့ ရာဟုလာသုတ်ဒေသနာတော်နှင့်စပ်ဆိုင်သော ဩဝါဒကို နာကြားကြရသော အသင်သူတော်ကောင်းတို့သည်လည်း အရှင်ရာဟုလာကဲ့သို့ အဆုံးအမကိုလိုလားသူ၊ နာယူလွယ်သူများဖြစ်ကြ၍ မိမိတို့နှင့်သက်ဆိုင်ရာ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာများကို ထိန်းသိမ်းနိုင်ကြပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတရားများကို ရရှိခံစားနိုင်ကြပါစေသတည်းဟု ပတ္ထနာပြုကာ ဘုန်းကြီး၏ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။(သတင်းစဉ်)

● စာမျက်နှာ ၇ မှ
လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးတို့အား လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးတို့အား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါး တို့အားလည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါး တို့အားလည်းကောင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးတို့အား လည်းကောင်း၊ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့ အားလည်းကောင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းအောင်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကိုးပါးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးနှင့် မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါး တို့အား လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါး တို့အားလည်းကောင်း သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင် အယောင်တို့ကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကိုးပါးတို့အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကိုးပါးတို့အား လည်းကောင်း၊ အလုပ်သမားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါး နှင့် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင် တို့ကို အသီးသီး ဆက်ကပ်လှူဒါန်း ကြသည်။ ထို့နောက် အကြံပေး ပုဂ္ဂိုလ် ဦးအုံးမောင်က မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါးအားလည်းကောင်း၊ ပို့ဆောင် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ခုနစ်ပါးအား လည်းကောင်း၊ အမှတ်(၂) စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ကျော်က မဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါးတို့အား လည်း ကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက မဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာ တော်တစ်ပါးတို့အား လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင့်ဆွေက မဟာဂန္ထ ဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်နှင့် အဆောင်အယောင်တို့ကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါး တို့အားလည်းကောင်း၊ ဒုတိယရှေ့နေ ချုပ် ဦးမြင့်နိုင်က မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အားလည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွန့်က မဟာဂန္ထ ဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးနှင့် မဟာဓမ္မ ကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ် တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ – အဖွဲ့ဝင် ဦးအောင်မြင့် က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါး တို့အား လည်းကောင်း၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင် အေးက ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါး တို့အားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်း ကောင်း၊ ပြည်သူ့လွှတ်တော် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်း ကောင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြား ရေးမှူးချုပ် ဦးသန့်ရှင်းက သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာ တော် ကိုးပါးတို့အား လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော် ငါးပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင် အယောင်တို့ကို ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်အောင်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်း ကောင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြုံးချိုက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးတို့အား လည်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း သီလရှင် ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ သီလရှင်ဆရာကြီး ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သီလရှင် ဆရာကြီးထံ သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့ သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ (မကွေးဆရာတော်) ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အားလည်းကောင်း၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အားလည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွန့်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးနှင့် မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးအောင်မြင့် က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်းကောင်း၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးက ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်းကောင်း၊ ပြည်သူ့လွှတ်တော် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဂန္ထဝါစကပဏ္ဍိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော် ကိုးပါးတို့အား လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်အောင်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြုံးချိုက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးတို့အား လည်းကောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်းက သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးနှင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးတို့အားလည်းကောင်း၊သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဇော်ရွှေက ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ် လှူဒါန်းကြသည်။

သီလရှင်ဆရာကြီးများ

ဆက်လက်၍ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ခေမေသကချောင်မှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဒိန္နာ၊ မန္တလေးတိုင်း တောင်သာမြို့ မဟာဗောဓိဘုရားကြီးကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်သုစာရီ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့ ကြာနီကန်ရပ် အမ္ဗာရာမ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဥပ္ပလဝဏ္ဏာနှင့် မန္တလေးတိုင်း ချမ်းအေးသာစံ မြို့နယ် ပြည်ကြီးမျက်ရှင်ရပ် အနီဃာသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဥက္ကဋ္ဌဝတီတို့အား စာချဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သောတာပန်ရပ် ဂုနီချောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ရရှိကြသည့် စစ်ကိုင်းတိုင်း မုံရွာမြို့ လယ်တီရပ် အေးသုဝတီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပုညဝတီနှင့် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ ချမ်းမြရံသီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီတို့အားလည်းကောင်း၊ မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိကြသည့် နီပေါနိုင်ငံ လာလစ်ပူမြို့ သကျသီလကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်အနုဂါရိကနှင့် စစ်ကိုင်းတိုင်း လေရှီးမြို့နယ် အောင်မင်္ဂလာရပ် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မသိင်္ဂီတို့ ပြည်မြို့ နိဗ္ဗိန္ဒတောင် တောရကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်သုသိမာနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သာသနာ့ဗိမာန် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်အစ္ဆရိယဉာဏီတို့အား စာချဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သောတာပန်ရပ် ဂုနီချောင်မှ သီလရှင်ဆရာကြီး ဒေါ်ကေတုဝတီ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သမိဒ္ဓေါဒယချောင်မှ သီလရှင်ဆရာကြီး ဒေါ်တိရဏာဉာဏီ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့ ရွှေမောင်းသာသနာ့ဝေပုလ္လ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပညာစာရီနှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရွှေမြိုင်သီရိကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကုန္ဒာစာရီတို့အား စာချဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ အားလည်းကောင်း စာချဘွဲ့တံဆိပ်တော်နှင့် သာသနာပြု ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မင်းကွန်းရှိရှားပင်တိုက်သစ်သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကလျာဏစာရီ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ လယ်တီရပ် ဓမ္မမေဒနီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်နန္ဒာရီ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ဂုနီချောင်မှ သီလရှင်ဆရာကြီး ဒေါ်ဝေဒေဟီနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဇေယျာသိင်္ဂီ သီလရှင်ကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီတို့အားလည်းကောင်း၊သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ရရှိကြသည့် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၄) ရပ်ကွက် ပိတောက်လမ်းသွယ်(၃) တြိရတနာကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်မေဓာရီနှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် နန္ဒွင်းကုန်းရပ်ကွက် သာသနာ့ဂုဏ်ရည်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▶

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်အပ်နှင်း

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

▶ စာမျက်နှာ ၉ မှ

သီလရှင် (အမျိုးသမီး) ပညာရေးကျောင်းတိုက်မှ သီလရှင်ဆရာကြီးဒေါ်ကုမာစာရီတို့အားလည်းကောင်း စာချဘွဲ့တံဆိပ်တော်နှင့် သာသနာပြုဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည်။

လူပုဂ္ဂိုလ်(အမျိုးသား)

ဆက်လက်၍ လူပုဂ္ဂိုလ်(အမျိုးသား)များအား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် သာသနာပြုဘွဲ့တံဆိပ် အပ်နှင်းသည့်အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် သံလွင်လမ်း အမှတ်(၉၉) F-1နေ ဦးချူသန်း၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် (၉)ရပ်ကွက် အင်းလျားလမ်း အမှတ် ၁၁၆–ဒီနေ ဦးစိန်တင်၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၁၆)ရပ်ကွက် မြရတနာလမ်း အမှတ်(၁၀/၈)နေ ဦးကျော်မင်း၊ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် (၉) ရပ်ကွက် ဝေဇယန္တာလမ်း အမှတ်(၈၂၀)နေ ဦးစံငြိမ်း၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းဟောင်း အမှတ်(၁၁၈)နေ ဦးသန်းနိုင်အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသည့် တနင်္သာရီတိုင်း ထားဝယ်မြို့ ကညွှံရပ် အာဇာနည်လမ်း အမှတ်(၅၅)နေ ဦးအောင်ဝင်း၊ ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ မြို့မရပ်ကွက် မန္တလေးလမ်းမ အမှတ်(၈၀)နေ ဦးငွေသိမ်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် (၃)ရပ်ကွက် ပေါက်ပင်တန်းလမ်းနေ ဒေါက်တာဝင်းမြင့်၊ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ (၄)ရပ်ကွက် မန္တလေး–လားရှိုးလမ်း အမှတ်(၁၃၆/ခ)နေ ဒေါက်တာကျော်ဇော၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက်ရပ်ကွက် စမ်းချောင်းလမ်း အမှတ်(၇၇)နေ ဦးလှမြင့်တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၇)ရပ်ကွက် ပြည်တော်အေးရိပ်သာကမ္ဘာအေးစေတီလမ်း အမှတ်(၃–က)နေ ဦးသန်းထွန်း၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် သာယာဝတီလမ်း အမှတ်(၃၇)နေ ဦးရွှေ(ဗန္ဓုလ)၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၉)ရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်း အမှတ်(၂၀၉)နေ ဦးစိုးဟန်လင်း၊ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်း အမှတ်(၈၃)နေ ဦးညွန့်ငွေး၊ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း အမှတ်(၂၃၈/၂၄၀)နေ ဦးတင်မောင် (စန္ဒီပရဆေး)တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသော ရန်ကုန်တိုင်း သာကေတမြို့နယ် မြခွာညိုအိမ်ရာ (၇)ရပ်ကွက် ဇေယျာဝဏ်လမ်း အမှတ်(၆၂)နေ ဦးစိုးသိန်း၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀/က)ရပ်ကွက် အမှတ်(၁) လှော်ကားလမ်း မိဘရိပ်သစ်စက်နေ ဦးနိုင်ဦး(မိဘရိပ်)နှင့် ဧရာဝတီတိုင်း မော်ကျွန်းမြို့ မြို့မ(၇)ရပ်ကွက် (၁၄)လမ်း အမှတ်(၄၆)နေ ဦးမောင်လှတို့အား လည်းကောင်း၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိကြသည့် ပဲခူးတိုင်း ပဲခူးမြို့နယ် အုန်းပင်တန်းရပ် သနပ်ပင်လမ်း အမှတ်(၃၉၂)နေ ဦးငွေရှိန်၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဇမ္ဗူရာဇ်လမ်း အမှတ်(၁၇/၂၀)နေ ဦးတင်မောင်ထွေး(နတ်ရေကန်)တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက သီဟသုဓမ္မ မဏိဇောတဓရဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း လှိုင်မြို့နယ် သီရိမွန်အိမ်ရာ (၁၅)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီး အမှတ်(၂၁–အေ)နေ ဦးခင်လှနှင့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ရွှေစံပယ်ရိပ်မွန်အိမ်ရာ တိုက်(အီး) အခန်း(၇)နေ ဦးသန်းဇော်၊ သုဓမ္မမဏိဇောတဓရဘွဲ့ရရှိသည့် ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် တိုက်အမှတ်(၂) အခန်း(၂၀၃) ဒုတိယထပ်နေ ဦးအောင်မွန်၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ရရှိကြသည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက် မိုးမခလမ်း အမှတ်(၄၄၉)နေ ဒေါက်တာခင်မောင်ညွန့်နှင့် ရန်ကုန်တိုင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။ (သတင်းစဉ်)

ရန်ကုန်(အနောက်ပိုင်း)ခရိုင် ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် ရွှေဘုံသာလမ်း အမှတ်(၁၃၄)နေ ဦးကျော်ခင်မြင့်၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နွံ့နှောရပ်နေ ဦးမြင့်ဆွေတို့အား သာသနာနုဂ္ဂဟနှင့် သာသနာပြုဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

လူပုဂ္ဂိုလ်အမျိုးသမီးများအား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များအပ်နှင်းရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ပဲခူးတိုင်း ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် (၁)လမ်း အမှတ်(၅၀၉)နေ ဒေါ်သန်းငွေး၊ မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၄၂ x ၄၃)လမ်းကြား (၅၂)လမ်း အမှတ် (မ/၃၉)နေ ဒေါက်တာခင်ခင်စိမ့်နှင့် ထိုင်းနိုင်ငံ ကန်ချနပူရီမြို့မှ မဟာဥပါသိကာ ဘွန်ကော့ထ် ဆီတီပေါလ်တို့အား လည်းကောင်း၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသော ပဲခူးတိုင်း အုတ်တွင်းမြို့ ပြည်လမ်းကြက်သွန်ခင်း(၁)ရပ်ကွက်နေ ဒေါ်သန်းသန်းနွဲ့နှင့် မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဆိုင်းတန်းရပ်(၂၃x၂၄)လမ်းကြား (၈၇) လမ်း အမှတ်(၇၅၅)နေ ဒေါ်တင်စိန်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသော မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၆ x ၈၉)လမ်းထောင့် အကွက်(၂၀၀)သီရိမာလာအရှေ့နေ ဒေါ်ခင်လှ၊မန္တလေးတိုင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် (၆၈)လမ်းနှင့် မိုးသောက်ပန်းလမ်းထောင့် အမှတ်(မ–၂၄–၃/ဆ)နေ ဒေါ်အေးအေးမော်(ခ) ဒေါ်အေးအေးမွန်၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် အင်းလျားရိပ်သာလမ်း အမှတ်(၆/က)နေ ဒေါ်မြရီ၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် အနော်ရထာလမ်း အမှတ်(၉)နေ ဒေါ်ခင်နန်းမွန်နှင့် ရန်ကုန်တိုင်း သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက် အောင်သီရိလမ်း အမှတ်(၅)နေ ဒေါ်ခင်စန်းကြည် (ခ) ဒေါ်အေးအေးခန့်အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောအလယ်ရပ်ကွက် မဟာမြိုင်လမ်း အမှတ်(၃၁)နေ ဒေါ်အေးအေးသန်း၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ အင်းစိန်မြို့နယ် (၁၀)မိုင်ကုန်းကျောင်းလမ်း အမှတ်(၈၇၀–အီး)နေ ဒေါ်လှလှနွယ်၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၆)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် (၃၈) လမ်းထောင့် အမှတ်(၂၇၇)နေ ဒေါ်မီမီစိန်၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ လသာမြို့နယ် (၄)ရပ်ကွက် (၁၉)လမ်း အပေါ်လမ်း အမှတ်(၁၅၄)နေ ဒေါ်နန်းမောက်လော့ဝ်ဆိုင်နှင့် ရန်ကုန်တိုင်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် မြရတနာလမ်း အမှတ်(၁၅–ခ)နေ ဒေါ်အေးမြင့်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့က သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသည့် ရန်ကုန်တိုင်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် အင်းယားမြိုင်လမ်း အမှတ်(၃၄–

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

အေ)နေ ဒေါ်မြတ်မြတ်စိုးနှင့် ရန်ကုန်တိုင်း ရန်ကုန်မြို့ လှိုင်မြို့နယ် မာတင်ရိပ်သာ ခပေါင်းလမ်း ခြံအမှတ်(၇/၃)နေ ဒေါ်သူဇာမင်းတို့အားလည်းကောင်း၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ရရှိကြသည့် ပဲခူးတိုင်း ပဲခူးမြို့နယ် ဈေးပိုင်းရပ်ကွက် (၁၉)လမ်း အမှတ်(၄၆)နေ ဒေါ်ဆက်ဆက်ငွေး၊ မန္တလေးတိုင်း မန္တလေးမြို့မဟာအောင်မြေမြို့နယ် ရဲမွန်တောင် (၃၅)လမ်း အမှတ်(မ–၈၁–၂၂က)နေ ဒေါ်ဖြူဖြူဝင်းနှင့် ရန်ကုန်တိုင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း ရေတမာလမ်း အမှတ်(၄၄)နေဒေါ်ကြူကြူသင်း(ခ) ဒေါ်ကျင်ထိုတို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် စောမဟာလမ်း အမှတ်(၈က)နေ ဒေါ်သန်းသန်းစိန်အားလည်းကောင်း၊သုဓမ္မသိင်္ဂီဘွဲ့ရရှိကြသော **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ⇨

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄–၃–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၇။ အတီးပြိုင်ပွဲ

၈:၀၅ ၈။ နှောင်းခေတ်တေးပဒေသာ

၈:၁၅ ၉။ အကပြိုင်ပွဲ

၈:၂၀ ၁၀။ ဂမုန်းရေလှော်တမံ

၈:၂၅ ၁၁။ အရေးပြိုင်ပွဲ

၈:၃၀ ၁၂။ International News.

၈:၄၅ ၁၃။ Let's Go.

၉:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲ ဆုရတေးများ

၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)

၅:၀၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၅:၂၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်

၅:၃၀ ၈။ "ရောင်ပြန်ဟပ်ခြင်း" (မင်းအုပ်စိုး၊ ကုသိုလ်) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)

၅:၃၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရှင်ဆော့ပြေး ပုရွက်ဆိတ်လေး"(အပိုင်း–၇၂)**

၇:၀၀ ၁၃။ အကပြိုင်ပွဲ

၇:၁၀ ၁၄။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၇:၂၅ ၁၅။ အတီးပြိုင်ပွဲ

၇:၄၀ ၁၆။ ကြေးမုံရိပ်သွင် တေးနုယဉ်

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ် နေ့ကလေးများ" (အပိုင်း–၁၈) (ဇာတ်သိမ်းပိုင်း)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

➪ စာမျက်နှာ ၁၀ မှ

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ထော်လန်းကျေးရွာနေ ဒေါ်မြရွှေ၊ ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လယ်ယာရွှေမြေလမ်း အမှတ်(၈၃၄)နေ ဒေါ်နုနုငယ်နှင့် ဧရာဝတီတိုင်း ဟင်္သာတမြို့ ရုံးကြီးရပ် စည်ပင်သာယာလမ်းနေ ဒေါ်အေးရီတို့အားလည်းကောင်း၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရရှိကြသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းသာသနာပြုကွက်နေ ဒေါ်ဂျပ်ကော့၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက် ပြည်လမ်း (၇)မိုင် ပြည်သူ့လမ်း အမှတ် (၉)နေ ဒေါ်တင်တင်စိန်နှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက် ဝင်္ဂဘာလမ်း အမှတ် (၄)နေ ဒေါ်ခင်လှတို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးတွင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာသုံးရပ်ရှိပါကြောင်း၊ ထိုသာသနာသုံးရပ်တွင် ပရိယတ္တိသာသနာတည်းဟူသော ပိဋကသုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာတရားတော်တို့ မေးမှိန်ပျောက်ကွယ်ခြင်းမရှိဘဲ သန့်ရှင်းစင်ကြယ်စွာတည်ရှိနေသမျှ ကာလပတ်လုံး သဗ္ဗညုဘုရားရှင် ပရိနိဗ္ဗာန် စံလွန်ရာမရောက်ဘဲ သက်တော်ထင်ရှားရှိသည်နှင့်မခြား အလားတူကြောင်း ဆရာတော်များ ဟောကြားထားသည်ကို နာယူမှတ်သားဖူးပါကြောင်း။

ဆွမ်းဆန်စိမ်း လောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။ (သတင်းစဉ်)

ရှေးရှေး ရဟန္တာမထေရ်မြတ်ကြီးများမှ အစပြု၍ ယခုမျက်မှောက် သမ္မုတိသံဃာတော်များအထိ ရဟန်းသံဃာတော်အဆက်ဆက်တို့သည် အခြေခံမူလကျသည့် ပရိယတ္တိသာသနာတော် မညှိုးမှိန်စေရေးအတွက် တရားတော် ဓမ္မက္ခန္ဓာများကို သံဃာယနာခြောက်တန်တင်၍ လည်းကောင်း၊ တပည့်ရဟန်း သာမဏေအဆက်ဆက်တို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချ၍လည်းကောင်း၊ အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် မိမိတို့ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ဂုဏ်ရှိန်မြင့်မားလျက် ပကတိအတိုင်း ဆည်းကပ်ကိုးကွယ်ခွင့်ရရှိနေခြင်းဖြစ်ပါကြောင်း။

ပံ့ပိုးလှူဒါန်း

မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများနှင့် ပရိယတ္တိ စာသင်တိုက်ကြီးငယ်တို့တွင် ပရိယတ္တိစာပေများ သင်ကြားပို့ချဆည်းပူးလျက်ရှိကာ ဂန္ထဓုရတာဝန်ကို ဆရာတပည့် အစဉ်အဆက် ထမ်းဆောင်တော်မူလျက်ရှိသည်မှာ အားရဖွယ်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီး အပါအဝင် ပြည်တွင်း၊ ပြည်ပ သာသနာပြုဌာနများ၊ ကမ္မဋ္ဌာန်းရိပ်သာ ကျောင်းတိုက်များ၊ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ သာသနာပြုကျောင်းများမှလည်း ပြည်တွင်း၊ ပြည်ပ သာသနာပြုလုပ်ငန်းများနှင့် ဝိပဿနာဓုရ လုပ်ငန်းတာဝန်များကို အသီးသီး ဆောင်ရွက်တော်မူလျက်ရှိကြပါကြောင်း၊ ဆရာတော်များ၏ သာသနာပြုဆောင်ရွက်မှုများ ကျယ်ပြန့်သည်နှင့်အမျှ နိုင်ငံတော်အစိုးရနှင့်တကွ မိမိတို့ ဒါယကာ၊ ဒါယိကာမများကလည်း အစဉ်ထာဝရ ပံ့ပိုးလှူဒါန်းပူဇော်လျက်ရှိပြီး ဆရာတော်များ၏ဩဝါဒကို ခံယူကာ အစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်သည် တပည့်သာဝက ရဟန်းပရိသတ်၊ လူပရိသတ်ထဲမှ အရာဌာနအားလျော်စွာ ထင်ရှားသည့် ပုဂ္ဂိုလ်ထူးများအား ဧတဒဂ် ဘွဲ့ထူးဂုဏ်ထူးများ သတ်မှတ်ချီးမြှောက်ပေးအပ်ခဲ့သည့် အစဉ်အလာကိုယူလျက် ရှေးရှေးသာသနာပြု မင်းကောင်းမင်းမြတ်များနည်းတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ လွတ်လပ်ရေးနေ့ရောက်တိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ယခုနှစ် ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၄ရက်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၆)ကို ထုတ်ပြန် ကြေညာလျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ–

- **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ၃ ပါး**
- **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅ ပါး**
- **တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁ ပါး**
- **အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၂ ပါး**
- **သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၅၂ ပါး**
- **ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၆ ပါး**
- **ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၅ ပါး**
- **စာချ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀၅ ပါး**
- **စာချ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၁၆ ပါး**
- **သာသနာပြု ဘွဲ့တံဆိပ်တော်ရ သီလရှင် ၄ ပါး**
- **သာသနာပြု ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၃ ဦး**
- **သာသနာပြု ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၃ ဦး**
- **သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၂၃ ဦး**
- **သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၂၄ ဦး**

စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရပုဂ္ဂိုလ် ၃၉၂ဦးဖြစ်ပါကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော် အရှင်သူမြတ်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထားဆောင်ရွက်တော်မူကြလျက် သာသနာပြုတော်မူခြင်း သာသနဟိတဓရဂုဏ်၊ တရားတော်များကို သင်ကြားပို့ချဟောပြောညွှန်ပြခြင်း ဓမ္မာနုဂ္ဂဟဂုဏ်တို့ကို ရည်မှန်း၍လည်းကောင်း၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာပြုစွမ်းရည်နှင့် ဥပါသကာ၊ ဥပါသိကာ အမျိုးသား၊ အမျိုးသမီးတို့၏ သာသနာတော်ကို စေတနာသဒ္ဓါထက်သန်စွာ ချီးမြှောက်ထောက်ပံ့ခြင်း သာသနာနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းပူဇော်ခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားတွင် လမ်းညွှန်စီစဉ်ပေးသော နိုင်ငံတော်အစိုးရနှင့်တကွ ပါဝင်ဆောင်ရွက်ပေးကြသော ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းကြသော ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့်တကွ စေတနာရှင်အလှူရှင်များနှင့် ဝေယျာဝစ္စဆောင်ရွက်ပေးကြသူများ၏ ပြုပြုသမျှသော ကုသိုလ်ကောင်းမှု အစုစုအဖြာဖြာသည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေကြောင်းနှင့် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့၏ ဩဝါဒကိုနာယူလျက် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားတို့ ဆရာဒကာ လက်တွဲညီညာစွာဖြင့် သာသနာတော်မြတ်ကြီးအကျိုး ပွားတိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမိမိ၏လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩသဓာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ပူဇော်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီး ဌာနမိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊စစ်ရေးချုပ်ရုံးမိသားစု၊စစ်ထောက်ချုပ်ရုံးမိသားစု၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကအလှူရှင်များက သတ်မှတ်နေရာအသီးသီးတို့တွင် ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။

လောင်းလှူပူဇော်

ယင်းသို့ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတနာရှင်ပြည်သူများသည် မဟာပါသာဏလိုဏ်ဂူအရှေ့ဘက်မှ တောင်ဘက်အထိ လိုဏ်ဂူပတ်လမ်းတစ်လျှောက်၊ ဝိဇယမင်္ဂလာဓမ္မသဘင်အနောက်ဘက်မှ သီရိမင်္ဂလာကမ္ဘာအေး စေတီတော် အနောက်ဘက်မုခ် လမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) အဝင်လမ်းတစ်လျှောက်တို့ရှိ သတ်မှတ်နေရာအသီးသီးတို့မှနေ၍ စုစုပေါင်းငွေကျပ် ၁၃၀၅၅၉၇၂၇တန်ဖိုးရှိသည့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာဖြင့် လောင်းလှူပူဇော်ကြရာ ရန်ကုန်မြို့ရှိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၌ ဒါနသံများ ပျံ့လွင့်လျက်ရှိသည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ် စာအောင်ဆုနှင်းသဘင်

ရန်ကုန် မတ် ၁၃

လမ်းမတော်မြို့နယ် ပရိယတ္တိစာမေးပွဲတွင် စာချတန်းတစ်ပါး၊ ပထမကြီးတန်းတစ်ပါး၊ ပထမလတ်တန်း ခုနစ်ပါး၊ ပထမငယ်တန်း ၁၇ပါး အောင်မြင်တော်မူကြရာ စာအောင် ဆုနှင်းသဘင်ကို မတ် ၂၃ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပရိယတ္တိအလယ်တိုက်ကျောင်းကြီးတွင် ကျင်းပမည်ဖြစ်သည်။ သံဃာတော်တစ်ပါးလျှင် ဆုငွေကျပ် ၅၀၀၀ လှူဒါန်းလိုသူများသည် မြို့နယ်ပရိယတ္တိထောက်ပံ့ရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်အေး ဖုန်း–၂၂၄၆၂၃ နှင့် အတွင်း ရေးမှူး ဦးတင်ဆွေအောင် ဖုန်း–၂၂၂၆၃၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၄၃)

တရားတော်များ ဟောကြားမည်

ရန်ကုန် မတ် ၁၃

မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေးမဟာစည်သာသနာ့ရိပ်သာမှ ဦးသုနန္ဒ (သိမ်ဇရပ်)သည် တပေါင်းလပြည့်ကျော် ၁၁ ရက်(သောကြာနေ့)၌ ချောင်းဆုံမြို့နယ် ရွာလွတ်ရွာနှင့် တပေါင်းလပြည့်ကျော် ၁၃ရက် ချောင်းဆုံမြို့နယ် ကညော့ရွာတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)



သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သော ကျုံကဒတ်ကျေးရွာ ပြည်တော်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၈ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



မြောင်းမြမြို့ဟောင်း(အကြေပုဂံ)မှ အကျွရာပါသော ရှေးဟောင်းရွှေဒင်္ဂါးများနှင့် ရွှေလက်စွပ်များ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းလှူဒါန်းအပ်နှံ

ဖောင်းကြွရုပ်ပုံများနှင့် ရှေးဟောင်း အက္ခရာများ ပါသော ရှေးဟောင်း ရွှေဒင်္ဂါးပြားများနှင့် လက်စွပ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးအောင်ထံသို့ ဧရာဝတီတိုင်း မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကြည်ထွင့်ဝင်းနှင့် တာဝန်ရှိသူများက မြောင်းမြခရိုင် မြောင်းမြမြို့ဟောင်း(အကြေပုဂံ)ဒေသမှ ဖော်ထုတ်သိမ်းဆည်းပြီး ယာယီထိန်းသိမ်းစောင့်ရှောက်ထားခဲ့သော ရှေးဟောင်းရွှေထည်ပစ္စည်းများကို ယမန်နေ့က လာရောက်လွှဲပြောင်းလှူဒါန်းအပ်နှံသည်။

အဆိုပါ ရှေးဟောင်း ရွှေထည်ပစ္စည်းများမှာ ဖောင်းကြွရုပ်ပုံများနှင့် ရှေးဟောင်း အက္ခရာများ ပါဝင်သော ရှေးဟောင်း ရွှေဒင်္ဂါးရှစ်ပြား၊ ဘူးနွယ်ပုံစံ အပါအဝင် ရှေးဟောင်း ရွှေလက်စွပ် ၁၀ကွင်း၊ ရွှေတုံးရွှေခဲနှစ်ခု စုစုပေါင်းအလေးချိန် (၉-၉ နှင့် ၁ ရွေးခန့်)ဖြစ်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဧရာဝတီတိုင်း မြောင်းမြခရိုင်၌ရှိသော မြောင်းမြမြို့ဟောင်းသည် တစ်ချိန်က အကြေပုဂံအဖြစ် ထင်ရှားကျော်ကြားခဲ့သော မြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့သည့် ရှေးဟောင်းမြို့တော်တစ်ခု ဖြစ်ခဲ့ကြောင်း၊ ရှေးဟောင်း သုတေသနဦးစီးဌာနမှ ပညာရှင်များအား ၂၀၀၅ ခုနှစ်တွင် မြောင်းမြမြို့ဟောင်း (အကြေပုဂံ)သို့ ကွင်းဆင်းလေ့လာ သုတေသနပြုစေခဲ့ရာ ပုဂံခေတ် ယဉ်ကျေးမှုလက်ရာ သာသနိကအဆောက်အအုံများ၊ ပုဂံခေတ် အုတ်ခွက်ဘုရားများ၊ ရှေးဟောင်း အုတ်လမ်းမကြီးများအပါအဝင် ခိုင်မာသော အထောက်အထားအချို့ကို တွေ့ရှိထားကြရကြောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ်မှစ၍ မြောင်းမြမြို့ဟောင်း (အကြေပုဂံ)ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံများကို ကွင်းဆင်းရှာဖွေပြီး စနစ်တကျ စာရင်းသွင်းမှတ်ပုံတင်ခြင်း၊ စီမံချက်များ ရေးဆွဲ၍ နှစ်အလိုက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ဖော်ထုတ်သိမ်းဆည်းပေးခဲ့ခြင်း၊ ယာယီထိန်းသိမ်း စောင့်ရှောက်ပေးခဲ့ခြင်းနှင့် လာရောက်လွှဲပြောင်းလှူဒါန်းအပ်နှံခြင်းတို့အတွက် အထူးပင် ကျေးဇူးဥပကာယ တင်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရှေးဟောင်းရွှေထည် ပစ္စည်းများကို လွှဲပြောင်းလှူဒါန်း အပ်နှံရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက လက်ခံရယူသည်။

လေ့လာဖော်ထုတ်မည်

အဆိုပါ ရှေးဟောင်းရွှေဒင်္ဂါးများမှ ရုပ်ပုံများနှင့် အက္ခရာများကို ရှေးဟောင်း သုတေသနဦးစီးဌာနမှ ပညာရှင်များက အသေးစိတ် လေ့လာ သုတေသနပြု ဖော်ထုတ်သွားမည် ဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၃

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရား မျက်နှာချင်းဆိုင်ရှိ မြေကွက်လပ်၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အထည်အလိပ် ထုတ်ကုန်ပစ္စည်းများ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ စားသောက်ကုန်ပစ္စည်းများ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ ဆေးဝါး၊ အလှကုန်နှင့် အိမ်သုံးပစ္စည်းများ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ ကြွေထည်၊ မြေထည်၊ ဖန်ထည်ပစ္စည်းများ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ စက္ကူနှင့် ဓာတုဗေဒပစ္စည်းများ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ အပ်ချုပ်စက်များ၊ စက်ဘီးများ၊ သားရေထည်ပစ္စည်းများ၊ ရော်ဘာပစ္စည်းများ စသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း အမယ် ၃၄၅ မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကားရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဈေးပွဲတော် လာရောက်သူများအား နေ့စဉ် ညနေ ၅ နာရီမှ ၇ နာရီအထိ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေ၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ သမီးပျိုလေးများက စက်ရုံများမှ ထုတ်လုပ်သော တူညီဝတ်စုံများဝတ်ဆင်၍ သရုပ်ပြသကြပြီး စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ် ရောင်းချပေးလျက်ရှိသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ကို နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဆက်လက်ဖွင့်လှစ်ရောင်းချရာ ယနေ့ တပေါင်းလပြည့်နေ့ အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ဝယ်ယူအားပေးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီ

ရန်ကုန် မတ် ၁၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းနိုင်ငံ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ဗိုလ်မှူးချုပ် ပီဟင်း ဒါတူ အင်ဒါရာဆူဂါရာ(ဘီ)ဒါတို ပဒူကာ ဟာဂျီ မိုဟာမက် ယူစွပ် ဘင် အဘူ ဘာကာအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဗိုလ်မှူးချုပ် ပီဟင်း ဒါတူ အင်ဒါရာဆူဂါရာ (ဘီ) ဒါတို ပဒူကာ ဟာဂျီ မိုဟာမက် ယူစွပ်ဘင် အဘူဘာကာသည် ၁၉၅၀ပြည့်နှစ် အောက်တိုဘာ ၁၆ရက်က ဘရူနိုင်း ဒါရူဆလမ်တွင် မွေးဖွားခဲ့သည်။ ၁၉၇၅ခုနှစ်တွင် စက်မှုအင်ဂျင်နီယာ သိပ္ပံဘွဲ့ကိုရရှိခဲ့ပြီး ၁၉၈၂ခုနှစ်တွင် နိုင်ငံတကာစာရင်းဝင် စက်မှုအင်ဂျင်နီယာအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ ၎င်းသည် ၁၉၇၆ခုနှစ်တွင် ဘရူနိုင်းတပ်မတော်သို့ ပြန်တမ်းဝင်အရာရှိဗိုလ်အဆင့်ဖြင့် စတင်ဝင်ရောက်ခဲ့ပြီး ရာထူးတာဝန်အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဧပြီ ၁ ရက်မှ အငြိမ်းစားယူသည့် ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်အထိ ၎င်းသည် ဘရူနိုင်းဘုရင့်တပ်မတော် ဝန်ဆောင်မှုတပ်တွင် တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ ၎င်းသည် ယင်းကာလအတွင်း ၂၀၀၃ခုနှစ် မေလတွင် ဗိုလ်မှူးချုပ် ရာထူးသို့ တိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းသည် ၁၉၈၄ခုနှစ်တွင် ယူကေရှိ စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်ဆည်းပူးခဲ့ပြီး ၁၉၉၇ခုနှစ်တွင် ဩစတြေးလျကာကွယ်ရေးနှင့် မဟာဗျူဟာဆိုင်ရာ လေ့လာရေးတက္ကသိုလ်သို့ တက်ရောက်ဆည်းပူးခဲ့သည်။

ဗိုလ်မှူးချုပ် ပီဟင်း ဒါတူ အင်ဒါရာဆူဂါရာ(ဘီ) ဒါတို ပဒူကာ ဟာဂျီ မိုဟာမက် ယူစွပ်ဘင်အဘူဘာကာသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီးလေးဦးရှိသည်။ (သတင်းစဉ်)

နီအိုဗွီးရှင်း မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၃

နီအိုဗွီးရှင်း မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ဗားကရာကွန်ဒို၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju Heum၊ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာသန်းဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်၊သံအမတ်ကြီးနှင့် ဒေါက်တာသန်းဝင်းတို့က နီအိုဗွီးရှင်း မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက နီအိုဗွီးရှင်း မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များသည် မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

နီအိုဗွီးရှင်း မျက်စိအထူးကု ဆေးခန်း၌ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာသန်းဝင်း ဦးဆောင်ပြီး အတွင်းတိမ်အတွက် နောက်ဆုံးပေါ်ခေတ်မီစက်ကြီးများဖြင့် ၁၀မိနစ်ကြာ ခွဲစိတ်ကုသပေးလျက်ရှိပြီး ပြင်သစ်၊ အီတလီ၊ ဂျပန်၊ ကိုရီးယားမှန်နှင့် ကိုင်း အစစ်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် နီအိုဗွီးရှင်းမျက်မှန် အရောင်းစင်တာ၌ ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ငယ်စဉ်အခါပညာရှာ
၇း၂၀	ရွှေစက်တော်ဘေးမဲ့တော
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	သင်ယူလေ့လာဂီတပညာ (တယောဦးတင်ရီ)
၈း၀၅	မိုးလေဝသခန့်မှန်းချက်
၈း၁၀	Sunday Talk
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	ဆီးချို၊သွေးချိုရောဂါ အကြောင်းဟောပြောချက် (အပိုင်-၁)
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	စက်မှု(၁)ဈေးရောင်းပွဲတော်
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	Star Album(Examplez)
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ဝါသနာရှင်စင်မြင့်
၁၁း၄၅	ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ (အပိုင်း-၄)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်
၂း၀၀ Inter Milan-Ajax
လိုင်း 5-Sports (Live)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်
၂း၀၀ Man City-Aston Villa
လိုင်း 5-Movies (Live)

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ မန်ယူ၊ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ အနိုင်ရ

လန်ဒန် မတ် ၁၃

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာ မန်ချက်စတာ ယူနိုက်တက်အသင်းက နယူးကာဆယ် ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အာဆင်နယ်အသင်းက လီဗာပူးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ချယ်လ်ဆီးအသင်းက မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

မန်ချက်စတာယူနိုက်တက်-နယူးကာဆယ်

အင်္ဂလန်တိုက်စစ်မှူး ဝိန်းရူနီသည် ပွဲစတင်ပြီး မကြာမီမှာပင် မိနစ်အနည်းငယ်စီခြား၍ မန်ချက်စတာ ယူနိုက်တက်အသင်းအတွက် ၎င်းတစ်ဦးတည်းက နှစ်ဂိုးဆက်တိုက်သွင်းယူပေးခဲ့သည်။ အိုးထရက်ဖို့ဒ်ကွင်းတွင် ကျင်းပသော ယင်းပွဲတွင် ပွဲချိန် ၈ မိနစ်၌ ဝိန်ရူးနီက နယူးကာဆယ်အသင်းမှ နောက်တန်းလူ ပီတာရမ်မေ့ဂျ် ထိန်းချုပ်နိုင်ခြင်းမရှိသည့် ဘောလုံးကို ပိုင်ပိုင်နိုင်နိုင်ကန်သွင်းလိုက်ရာ နယူးကာဆယ် ဂိုးသမား ကာကွယ်နိုင်ခြင်းမရှိပေ။

နောက်လေးမိနစ်အကြာတွင် ဝိန်းရူနီက ရမ်မေ့ဂျ်၏ ဖျက်ထုတ်မှုကို ရှောင်ရှားကာ ဂျွန်အိုးရှီးယား ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ကန်သွင်းလိုက်ရာ ဂိုးဝင်သွားပြန်သည်။

နယူးကာဆယ်အသင်းသည် ဒုတိယပိုင်းတွင် ကစားအားတက်လာသော်လည်း ချေပဂိုး ပြန်လည်သွင်းယူနိုင်ခြင်းမရှိပေ။ ဝိန်းရူနီသည် ဟက်ထရစ်ရရှိရန် ဆက်လက်ကြိုးပမ်းခဲ့ရာတွင် ဘောလုံးမှာ ဂိုးတိုင်နှင့်ထိကာ ပြန်ထွက်သွားခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် အမှတ်ပေးဇယားတွင် အမှတ် ၆၀ ဖြင့် ဒုတိယ နေရာ၌ ရပ်တန့်လျက်ရှိသည်။

အာဆင်နယ်-လီဗာပူး

တနင်္ဂနွေနေ့က အင်္ဂလန်ရှိ ဟိုက်ဘူရီကွင်းတွင် ကျင်းပသည့်ပွဲ၌ အာဆင်နယ်အသင်းက လီဗာပူးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ လီဗာပူးအသင်းမှ အသင်းခေါင်းဆောင် စတီဗင်ဂျရတ်၏ အမှားကြောင့် အာဆင်နယ်အသင်း အနိုင်ရရှိခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် အနိုင်ရရှိခြင်းဖြင့် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၌ နေရာတစ်နေရာရရှိရန် မျှော်လင့်ချက်များ ရှင်သန်လျက်ရှိသည်။

ဇာဘီအလွန်ဆို ထုတ်ပယ်ခံရပြီးနောက် စက္ကန့်အနည်းငယ်အကြာတွင် လီဗာပူးအသင်းမှ ဂျာရတ်က ဂိုးသမားထံပြန်ပို့ပေးလိုက်သည့် ဘောလုံးကို သီယာရီအွန်နရီက ကြားဖြတ်ရယူကာ ကန်သွင်းခဲ့ရာ လီဗာပူး ဂိုးသမား ရီနာ ကာကွယ်နိုင်ခြင်းမရှိဘဲ ဂိုးပေးခဲ့ရသည်။ အွန်နရီသည် ပွဲချိန် ပွဲချိန် ၂၁ မိနစ်တွင် ဖွင့်ဆော်ဦး ဂိုးသွင်းယူခဲ့သည်။



မတ် ၁၂ ရက်က ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာ ယူနိုက်တက်အသင်းမှ ဝိန်းရူနီနှင့် နယူးကာဆယ်အသင်းမှ ရောဘတ် အီလွိုက်တို့ ဘောလုံးယှဉ်လုကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချယ်လ်ဆီး-မစ်ဒယ်ဘရော့

ချယ်လ်ဆီးအသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ လန်ဒန်ရှိ ဗယ်လီအားကစားကွင်းတွင် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ချယ်လ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဒုတိယပိုင်းတွင် ဒါရန်ဘင့်က နှစ်ဂိုးဆက်တိုက် သွင်းယူပေးခဲ့ပြီး ချယ်လ်ဆီးအသင်းကို အောင်ပွဲခံစေခဲ့သည်။

လာမည့်ဗုဒ္ဓဟူးနေ့တွင် ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် ရိုးမားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် မစ်ဒယ်ဘရော့အသင်းတွင် အရေးပါသော ဘောလုံးသမားများပါဝင်နိုင်ခြင်းမရှိသဖြင့် ချယ်လ်ဆီးအသင်းသည် ကံအားလျော်စွာ အနိုင်ရရှိခြင်းဖြစ်သည်။ မစ်ဒယ်ဘရော့အသင်းမှ ဗီဒူကာသည် ပွဲချိန် ၈၁ မိနစ်တွင် ချေပဂိုးတစ်လုံးကို ပြန်လည်သွင်းယူခဲ့သည်။ ***အင်တာနက်။***

(၆၁)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု စက်မှု(၁) အထူးဈေးရောင်းပွဲတော် စစ်ကိုင်းတိုင်း မုံရွာမြို့၌ ကျင်းပမည်

ရန်ကုန် မတ် ၁၃

(၆၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းပြည်သူ့အားကစားကွင်း၌ မတ် ၁၇ရက်မှစတင်၍ နေ့စဉ် နံနက် ၈နာရီမှ ည ၈နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ထုတ်ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အထက (၁) မော်ဘီ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

အထက (၁) မော်ဘီတွင် (၁၉၅၈ မှ ၂၀၀၅) ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူပြီးဖြစ်သည့် ဆရာကြီး၊ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် အထက (၁) မော်ဘီ၌ကျင်းပမည်ဖြစ်သည်။ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို ဦးမောင်ပု ဖုန်း-၆၂၀၉၀၀၊ ဦးကြည်ညွန့် ဖုန်း-၆၂၀၄၁၅၊ ကိုဌေးလွင် ဖုန်း-၆၂၀၁၅၉၊ ဒေါ်သဇင်ဝင်း ဖုန်း-၆၂၀၁၆၂၊ ကိုမြခိုင် ဖုန်း-၆၂၀၂၁၅၊ ကိုနိုင်ထွန်းလတ် ဖုန်း-၆၂၀၇၉၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် မတ် ၁၃

၂၀၀၆ခုနှစ် မတ် ၁၃ရက် မြန်မာစံတော်ချိန် ၀၅ နာရီ ၂၉မိနစ် ၂၂စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၂၆၀ခန့် (ကိုကိုးကျွန်း၏တောင်အရှေ့တောင်ဘက် ၁၇မိုင်ခန့်) ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာ (ကပ္ပလီကျွန်းစုအနီးပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသည့် မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ရေအောက်တွင်နေထိုင်နိုင်သည့် ပုရွက်ဆိတ်တစ်မျိုး ဩစတြေးလျနိုင်ငံတွင် သုတေသီများ ရှာဖွေတွေ့ရှိ

ဘရစ္စဘန်း မတ် ၁၃

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်မြောက်ပိုင်းမှ သိပ္ပံပညာရှင်များသည် ပုရွက်ဆိတ်အမျိုးအစားသစ်တစ်မျိုးကို ရှာဖွေတွေ့ရှိလိုက်ကြောင်း၊ ယင်းပုရွက်ဆိတ်သည် ရေအောက်တွင်နေထိုင်နိုင်ခြင်း၊ ရေငုပ်နိုင်ခြင်း၊ ရေထဲတွင် မိမိသွားလိုရာသို့ ကူးခတ်သွားလာနိုင်ခြင်း စသည့် ထူးခြားသောဝိသေသများရှိကြောင်း မတ် ၁၃ရက်က မီဒီယာသတင်းတွင်ဖော်ပြသည်။

ကွင်းစလန်းပြည်နယ် တောင်းစ်ဗယ်လီမြို့ရှိ ဂျိမ်းစ်ကွတ်တက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့သည် ထူးခြားသောလက္ခဏာများရှိသည့်ပုရွက်ဆိတ်အမျိုးအစားသစ်ကို ရှာဖွေတွေ့ရှိထားပြီး ယင်းတွေ့ရှိချက်ကို ကမ္ဘာ့နိုင်ငံများမှ သိပ္ပံအဖွဲ့အစည်းများက အသိအမှတ်ပြုကြကြောင်း မီဒီယာသတင်းတွင် ဖော်ပြသည်။

ယခုတွေ့ရှိရသော ပုရွက်ဆိတ်အမျိုးအစားသစ်မှာ ပိုလီရာချစ်ဆိုကိုလိုဗာ (Polyrhachis Sokolova) ဖြစ်ကြောင်း သုတေသီ ဒေါက်တာဆိုင်မွန်ရော်ဘ်ဆင်က ပြောကြားသည်။

အဆိုပါပုရွက်ဆိတ်သည် ဒီရေရောက်တောများ (လမုတောများ) တွင် အသိုက်အမြုံဖွဲ့ကာ နေထိုင်ပြီး လေကတော့ (Air pocket) များတွင် ပုန်းအောင်းကာ ကျက်စားသည်။ ယင်းပုရွက်ဆိတ်များသည် ရေမျက်နှာပြင်ပေါ်သို့ ရေကူးကာ တက်လာလေ့ရှိကြောင်း ဒေါက်တာဆိုင်မွန်က ပြောကြားသည်။

မိမိသည် ဒီရေရောက်တောများ တည်ရှိရာနေရာတွင် အင်းဆက်ပိုးများအကြောင်း ရုပ်ရှင်ရိုက်ကူးနေသည့်အဖွဲ့တစ်ဖွဲ့နှင့်အတူ အလုပ်လုပ်ကိုင်နေခဲ့ကြောင်း၊ ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ဝင်များက ရေစပ်တွင်ရှိနေသော ကျောက်တုံးတစ်တုံးပေါ်ရှိ ပုရွက်ဆိတ်တစ်ကောင်ကို အနီးကပ်ရုပ်ရှင်ရိုက်ရန် ကြိုးပမ်းနေစဉ် ယင်းပုရွက်ဆိတ်မှာ ရေထဲသို့ ခုန်ချကာ ရေငုပ်ပျောက်ကွယ်သွားကြောင်း၊ မိမိသည် ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အလွန်အမင်းအံ့အားသင့်မှုဖြစ်ရပြီး ဆက်လက်လေ့လာခဲ့ရာမှ ပုရွက်ဆိတ်အမျိုးအစားသစ်ကို ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း ဒေါက်တာဆိုင်မွန်က ပြောကြားသည်။ ***အင်တာနက်။***

ပုရွက်ဆိတ် အမျိုးအစားသစ်

လမုတောများ အတွင်း ရေအောက်၌ အသိုက်ဖွဲ့ကာ ကျက်စားသည့် ပုရွက်ဆိတ် အမျိုးအစားသစ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ပထမဆုံးသော ပုံတူကိုယ်ပွားခွေးကို စစ်မှန်ကြောင်းအတည်ပြု

ဆိုးလ် မတ် ၁၃

အာဖဂန် အမဲလိုက်ခွေးအမျိုးအစားခွေးတစ်ကောင်ဖြစ်သည့် စနူပီအမည်ရှိ ခွေးသည် ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် ပုံတူကိုယ်ပွားနည်းဖြင့် သားပေါက်သည့်ခွေးအဖြစ် သိပ္ပံပညာရှင်များက အတည်ပြုလိုက်ကြောင်း မတ် ၁၂ ရက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

စစ်ဆေးလေ့လာ

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ် အမျိုးသားတက္ကသိုလ်မှ ကျွမ်းကျင်သူပညာရှင်များ ပါဝင်သောအဖွဲ့တစ်ဖွဲ့နှင့် အမေရိကန် ပြည်ထောင်စုမှ သုတေသီများသည် စနူပီခွေး၏ သွေးနမူနာများကို ရယူကာ ဒီအင်န်အေ စမ်းသပ်မှုများကို ပြုလုပ်ခဲ့ပြီးနောက် ပုံတူကိုယ်ပွား နည်းစနစ်ဖြင့် အမှန်တကယ် သားပေါက်ခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးလေ့လာခဲ့သည်။

တောင်ကိုရီးယား သိပ္ပံပညာရှင် ဝှန်ဂူဆွတ် ဖန်တီးခဲ့သော ပုံတူကိုယ်ပွားခွေးသည် စစ်မှန်သော ပုံတူကိုယ်ပွား ခွေးတစ်ကောင်ဖြစ်ကြောင်း၊ အာဖဂန်အမဲလိုက်ခွေးဖြစ်သည့် တိုင်အမည်ရှိ ခွေး၏ကလာပ်စည်းမှ မျိုးဗီဇပစ္စည်းကို ထုတ်ယူခြင်းဖြင့် ပုံတူကိုယ်ပွားပြုလုပ်ခဲ့ကြောင်း၊ မျိုးဥကို သန္ဓေသားလောင်းအဖြစ်သို့ ရင့်သန်အောင် ပြုလုပ်ပြီးနောက် ကိုယ်ဝန်လွယ်ပေးမည့် ကိုယ်ပွားမိခင်ခွေးမထံ ထည့်သွင်းပေးခဲ့ပြီး လွန်ခဲ့သည့်နှစ်က သားပေါက်ခဲ့ကြောင်း သုတေသီများ၏ လေ့လာချက်ကို "သဘာဝ" အမည်ရှိ ဂျာနယ်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ကိုယ်ပွား ခွေးနှင့် အမဲလိုက်ခွေး

ကမ္ဘာပေါ်တွင် ပထမဆုံး ပုံတူကိုယ်ပွား ခွေးဖြစ်သည့် စနူပီ (ယာ)နှင့် ပုံတူကိုယ်ပွားပြုလုပ်ရန် ကလာပ်စည်း ထောက်ပံ့ပေးခဲ့သည့် အာဖဂန် အမဲလိုက်ခွေးတို့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror အင်တာနက် သတင်းများ

ဒုတိယဝိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က သာသနာတော်ဆိုင်ရာနှင့် သာသနာနုဂ္ဂဟဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

❀ **ရွှေဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သာသနာနုဂ္ဂဟဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အပ်နှင်းသည်။

တက်ရောက်ကြည်ညို

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်အပ်နှင်းပွဲ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် စွယ်တော်မြတ်စေတီတော် (ရန်ကုန်)တို့မှ ဂေါပကအဖွဲ့ဝင်များ၊ သာသနာရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဈေးမိ ဈေးဖများ၊ ဆွမ်းကွမ်းအလှူရှင်များ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✳

ခေါင်းကြီး ဆောင်းပါး အညွှန်း

☆ *တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်သည့်အင်အား၊ ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဘိုးဘွားအမွေအနှစ်ဖြစ်သည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိသည်။ ဤဘိုးဘွားအမွေအနှစ်များကို မျိုးဆက်သစ်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရေးသည် နိုင်ငံသားအားလုံးက ပါဝင်ထမ်းဆောင်ကြရမည့် အမျိုးသားရေး တာဝန်ပင်ဖြစ်သည်။* ခေါင်းကြီး (စာမျက်နှာ-၂)

☆ *သတင်းစာဟူသည် သမိုင်းတစ်လျှောက် လူသားတို့ သိသင့်သော ပူပူနွေးနွေး လတ်တလောသတင်း ဖြစ်ရပ်များကို တင်ပြပေးသော မှတ်တမ်းများဖြစ်သည်။ သတင်းမှန်ရမည်၊ မြန်ရမည်၊ အများပြည်သူ သိသင့်သောဖြစ်ရပ်များ ဖြစ်ရပေမည်။*

တက္ကသိုလ်မြတ်သူ၏ **"တိကျသော သတင်းမှတ်တမ်းမှသည် ခိုင်မာပြည့်စုံသော သမိုင်းစာမျက်နှာများဆီသို့"**

ဆောင်းပါး (စာမျက်နှာ-၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး